ရှမ်းပြည်နယ်လွှတ်တော်
လွှတ်တော်သတင်းလွှာ
ShanState Hluttaw Bulletin

၁၃၈၂ ခု နှစ် ၊ ဝါခေါင်လပြည့်နေ့၊ ၂. ၉. ၂၀၂၀၊ အ တွဲ (၁)၊ အ မှတ် (၂၂)

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မဟာဓာတ်အားလိုင်း၊ ပင်မဓာတ်အားခွဲရုံများဖွင့်ပွဲနှင့် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနား တက်ရောက်



(၈.၈.၂၀၂၀)ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မဟာဓာတ်အားလိုင်း၊ ပင်မဓာတ်အားခွဲရုံများဖွင့်ပွဲနှင့် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပါသည်။ ဆက်လက်၍ ကျိုင်းတုံမြို့ဒေသ ဖွံ့ဖြိုးမှုအခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့ပါသည်။



# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပ



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို (၂၂. ၆. ၂၀၂၀)ရက်နေ့မှ (၂၅. ၆. ၂၀၂၀)ရက်နေ့အထိ (၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဟန်သီဦးတို့က ဆောင်ရွက်ပါသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး၊ လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၄၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပြီး၊ အဆို(၂)ခုတင်သွင်းခဲ့ရာ အဆို(၁)ခုကို အတည်ပြု၍ (၁)ခုကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးက ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်ကအတည်ပြုခြင်း၊ ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၉ခုနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ တင်ပြသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပြီး လွှတ်တော်တာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ COVID – 19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေး အတွက် တစ်နိုင်ငံလုံးသာမကတစ်ကမ္ဘာလုံးကရင်ဆိုင်နေရသည့်ယခုလိုကာလမျိုးမှာလွှတ်တော်အစည်းအဝေးကိုခေါ်ယူရတာဖြစ်သလို လွှတ်တော်အစည်းအဝေးသို့ အချိန်မီတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ပြုလုပ်ကျင်းပရာမှာ ယခင်လက ကျင်းပခဲ့တဲ့ အထူးအစည်းအဝေး (၁/၂၀၂၀)မှာ ဆောင်ရွက်ခဲ့တဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်များအတွက် လူမှုဆက်ဆံရာမှာ ခပ်ခွာခွာနေခြင်း ဆိုတဲ့ Social distancing ကို ဆက်လက်ဆောင်ရွက်ထားပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်မှအသိပေး ပန်ကြားစာမှာပါတဲ့အတိုင်း စနစ်တကျ ဂရုပြုသွားလာနေထိုင်ဖို့ ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ လွှတ်တော်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့် လက်ရှိကာလအတွင်း မဖြစ်မနေ ဆောင်ရွက်ပေးရမည့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပေးရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ဇွန်လ(၅)ရက်နေ့ရက်စွဲနဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၉ ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေမှာဖော်ပြထားတဲ့အတိုင်း ကျွန်တော်တို့ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီတို့ စိစစ်ပြီးငွေကြေး

ဆိုင်ရာသုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာသုံးသပ်ချက်တို့ကို လွှတ်တော်ကို တင်ပြကြရမှာဖြစ်ပါတယ်။ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်မှန်ကန်စေရေးအတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ အနေဖြင့် ဆက်စပ်သည့်ဌာနများနှင့် ကြားနာပွဲပြုလုပ်ပြီး အကြိုညှိနှိုင်းဆောင်ရွက်ခဲ့တာတွေရှိပါတယ်။ ဒီကော်မတီ(၂)ခု ဟာ ရှမ်းပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံပြီး ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲကင်းကင်းဖြင့် စဉ်းစားဆောင်ရွက်ကြဖို့ တာဝန်ရှိပါတယ်။ ကော်မတီအစည်းအဝေး သို့မဟုတ် ကြားနာပွဲကို တက်ရောက်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်များကသာ မိမိတို့ဒေသအတွက် တောင်းဆိုကြပြီး ခွဲဝေကြမယ်ဆိုလို့ရှိရင် ဘဏ္ဍာရန်ပုံငွေခွဲဝေရာမှာ ညီတူညီမျှမဖြစ်နိုင်သကဲ့သို့ ပွင့်လင်းမြင်သာမှုလည်း ရှိနိုင်မည်မဟုတ်ကြောင်း သတိပြုစေလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေး၍ အများဆန္ဒဖြင့် အတည်ပြု ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းလိုက်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေမှာလည်း ဖော်ပြထားပြီးဖြစ်ပါတယ်။ (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ ပေးပို့ထားတဲ့ အဆိုများနဲ့ ကြယ်ပွင့်ပြမေးခွန်းများအနက် အသင့်ဖြစ်သောအဆိုများနဲ့ မေးခွန်းများကို ထည့်သွင်းဆောင်ရွက်ထားပါတယ်။ မေးခွန်းများနှင့်စပ်လျဉ်း၍ မေးမြန်းပြီးသော သို့မဟုတ် ဖြေကြားပြီးသော မေးခွန်းအချို့ကို ပြန်လည်တွေ့ရှိရသလို မေးမြန်းသည့်အချက်တူညီသော မေးခွန်းများကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးတွေမှာ မေးမြန်းခဲ့ပြီး သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင် များက ဖြေကြားပြီးဖြစ်သော်လည်း ဆောင်ရွက်ပြီးစီးမှုမရှိသေးသဖြင့် ထပ်ဆင့်မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများအနေနဲ့ ထည့်သွင်းဆောင်ရွက်ထားပါတယ်။ ကိုယ်စားလှယ်တစ်ဦးနှင့်တစ်ဦး မေးခွန်းတူနေပါက ဦးစွာရောက်ရှိသော မေးခွန်းကိုသာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ ဖြေကြားပေးရန် ပေးပို့ခဲ့ပါကြောင်း ပြောကြားလိုပါတယ်။ COVID – 19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ တိုးမြှင့် သတ်မှတ်ကြောင်း ကြေညာချက်နှင့်အညီ ယခုအစည်းအဝေးကို ရက်တိုအတွင်းပြီးစီးအောင် စီစဉ်ထားပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နားလည်သဘောပေါက်ပြီး အစည်းအဝေး၌ ဆောင်ရွက်စရာ ရှိသည်များကို ရက်တိုအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

---

**ပြည်သူ့အသံ . . . လွှတ်တော်အသံ**

**ပြည်သူ့ဆန္ဒ . . . လွှတ်တော်ဆန္ဒ**

**ပြည်သူတို့ မျှော်လင့်ချက် . . . လွှတ်တော်ကဖော်ဆောင်ရွက်**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၄၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးအေးမင်းစိုးက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်



တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၄၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ရီရီဝင်းက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်



ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းထွန်းညဏ်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်



မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းကျောက်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၄၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းစမ်းစမ်းအေးက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်



နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဒေါ်နန်းစံပွင့်မ်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးညီညီ(ခ)ဦးညီလေးချမ်းက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းစဉ်



ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်



ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ်က ကြယ်ပွင့်ပြ မေးခွန်းအား မေးမြန်းစဉ်



ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားစဉ်

ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က "မော်တော်ယာဉ်အမည်ပြောင်း မှတ်ပုံတင်ဆောင်ရွက်ရာတွင် အခွန်ငွေအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကာလပေါက်စျေး မော်တော်ယာဉ်တန်ဖိုး၏ (၃)ရာခိုင်နှုန်း ထပ်မံပေးဆောင်နေရသဖြင့် မော်တော်ယာဉ်တင်သွင်းမည့် ကနဦးအခွန်ဆောင်ထားသည့် ဆိပ်ကမ်းရောက်တန်ဖိုး (CIF) တန်ဖိုးနှုန်းအရ သတ်မှတ်နှုန်းထားကိုသာ အမည်ပြောင်း မှတ်ပုံတင်ဆောင်ရွက်ရာတွင် သတ်မှတ်ရာဖြတ်တန်ဖိုး ကောက်ခံသည့်နှုန်းထားအား ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ယခုလက်ရှိ ကာလပေါက်စျေး သတ်မှတ်နှုန်းထားသည် မြင့်မားနေပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့် မေးခွန်းအားမေးမြန်းခဲ့ရာ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးက ဖြေကြား ခဲ့ပါသည်။



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ကျင်းပစဉ်



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ကျင်းပစဉ်

## ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးညီညီ(ခ) ဦးညီလေးချမ်းက“ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း” အဆိုတင်သွင်းခြင်း



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုတင်သွင်းစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အဆိုအား ရှင်းလင်းဆွေးနွေးစဉ်

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက “ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း” အဆိုကိုတင်သွင်းရာ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်နှင့် လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်တို့က အသီးသီး ထောက်ခံဆွေးနွေးကြပြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အဆိုကိုရှင်းလင်းဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကအဆိုကို မှတ်တမ်းတင်ကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။



မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်က အဆိုအားဆွေးနွေးစဉ်



လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်က အဆိုအားဆွေးနွေးစဉ်

# မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းလှိုင်ခမ်းက“ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ လျှော့ချနိုင်ရေးနှင့် စနစ်တကျ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ ဖြစ်စေရေးတို့ကို စီမံချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း” အဆိုတင်သွင်းခြင်း



မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းက အဆိုတင်သွင်းစဉ်



ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အဆိုအား ရှင်းလင်းဆွေးနွေးစဉ်

မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းက “ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ လျှော့ချနိုင်ရေးနှင့် စနစ်တကျတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ ဖြစ်စေရေးစီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း” အဆိုကို တင်သွင်းရာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းနှင့် နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံပွမ်တို့က အသီးသီး ထောက်ခံဆွေးနွေးကြပြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အဆိုကို ရှင်းလင်းဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အဆိုကို အတည်ပြုကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။



မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက အဆိုအားဆွေးနွေးစဉ်



နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစံပွမ်က အဆိုအားဆွေးနွေးစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးစိုးညွန့်လွင်က ရှမ်းပြည်နယ်လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည် –

အစည်းအဝေးတွင် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးရေးအတွက် တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားသောရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အခြေပြုလျက် ပြည်နယ်လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား (၂၀.၂.၂၀၂၀)ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေအား ကျပ် ၂၀.၃၃၄ ဘီလီယံဖြင့် အတည်ပြုချက်ရယူခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ၏ စိစစ်ချက်အရ အဆိုပြုတင်ပြသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှ ကျပ် ၉.၀၇၀ ဘီလီယံ စိစစ်လျှော့ချခြင်းခံခဲ့ရပါတယ်။ ဒါကြောင့် ကျပ် ၁၁.၂၆၄ ဘီလီယံဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သောစာရင်းအရ ရှမ်းပြည်နယ်လွှတ်တော်တွင် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းရမည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုဆွေးနွေး၍ ပြည်ထောင်စု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ပေးပို့ခဲ့သော ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေ

စာရင်းမှာ သာမန်အသုံးစရိတ် ကျပ် ၃.၀၁၅ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၇.၃၁၉ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၆.၃.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၅၅၄ / ၂၅၄ - ဖြည့်စွက် ၃ - ၆ / အဖရ (၂၀၂၀) အရ ဒုတိယသမ္မတ - ၂ မှ စိစစ်၍ ဘဏ္ဍာရေးကော်မရှင် (၁/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့သည့် ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာတော့ သာမန်အသုံးစရိတ် ကျပ် ၂.၆၄၄ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၈.၆၂၀ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၁.၂၆၄ ဘီလီယံပဲဖြစ်ပါတယ်။ အဆိုပါ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပါက ဖြစ်ပေါ်လာမည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၄၈.၉၆၆ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၈၃ ဘီလီယံ၊ စုစုပေါင်းရငွေ ကျပ် ၄၉.၀၄၉ ဘီလီယံနှင့် သာမန်အသုံးစရိတ် ကျပ် ၁၁၀.၄၉၄ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် ၁၉၆.၇၆၅ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၀၇.၂၅၉ ဘီလီယံဖြစ်သဖြင့် စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ် ခြားနားချက်ဖြစ်တဲ့ ကျပ် ၂၅၈.၂၁၀ ဘီလီယံမှာ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုမှ ထောက်ပံ့ပေးရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၃(ခ) နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၃၅ အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြထားတဲ့ ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် အခန်း (၂)ခန်း၊ ပုဒ်မ (၃)ခု နှင့် ဇယား (၄)ခုအား ထည့်သွင်းရေးဆွဲထားပါတယ်။ ဇယား (၁) မှာတော့ ဗဟိုအဖွဲ့အစည်း (၃)ခုရဲ့ သာမန်အသုံးစရိတ် ကျပ် ၀.၄၉၃ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁.၂၁၂ ဘီလီယံ စုစုပေါင်း ကျပ် ၁.၇၀၅ ဘီလီယံအား ရေးဆွဲထားပါတယ်။ ဇယား (၂)မှာတော့ ပြည်နယ်အဆင့် ဦးစီးဌာန(၁၄)ခုရဲ့ သာမန်အသုံးစရိတ် ကျပ် ၂.၁၅၁ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၃.၇၆၂ ဘီလီယံ၊ စုစုပေါင်း ကျပ် ၅.၉၁၃ ဘီလီယံအား ရေးဆွဲထားပါတယ်။ ဇယား (၃)မှာတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂.၀၃၄ ဘီလီယံနှင့် ဇယား (၄)မှာတော့ စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁.၆၁၂ ဘီလီယံအား အသီးသီး ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ဌာန/အဖွဲ့အစည်း (၁၉)ဖွဲ့ရဲ့ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုလိုက်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ပြီး ဥပဒေပါအတိုင်း ထပ်မံခွင့်ပြုပေးလိုက်သည့် ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြင့် အချိန်မီသုံးစွဲနိုင်ရန် တာဝန်ရှိပုဂ္ဂိုလ်များမှ စီမံခန့်ခွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဌာန/အဖွဲ့အစည်းများရဲ့ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)များအား လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြထားတဲ့ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ် ခင်ဗျား။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း



မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက ဥပဒေ(မူကြမ်း)အားဆွေးနွေးစဉ်



တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဆန်းလင်းထွန်းက ဥပဒေ(မူကြမ်း)အားဆွေးနွေးစဉ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း နှင့် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဆန်းလင်းထွန်းတို့က အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည် –

ကျွန်တော်က မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းထားတဲ့ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား စိစစ်သုံးသပ်အကြံပြု ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေအား တောင်းခံသည့် ဌာနပေါင်း (၁၉)ခုအတွက် စိစစ်ခွင့်ပြုပေးလိုက်တာက သာမန်အသုံးစရိတ်က ကျပ် ၂,၆၄၃.၈၈၀ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်က ကျပ် ၈,၆၁၉.၈၅၉ သန်း၊ စုစုပေါင်း ကျပ် ၁၁,၂၆၃.၇၃၉သန်း ဖြစ်ပါတယ်။ အဲ့ဒီအထဲမှနေပြီး ထုတ်နုတ်ပြီးတော့ စိစစ်သုံးသပ်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လင်းခေးခရိုင်ရဲ့ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရ လုပ်ငန်း (၁၂)ခုရှိရာ မောက်မယ်က (၁)ခု၊ မိုးနဲက (၁)ခုနှင့် ဟိုမိန်းမြို့က (၁၀)ခု ခွင့်ပြုပေးထားပါတယ်။ လုပ်ငန်း (၁၂)ခု အတွက် ခွင့်ပြုငွေက ကျပ်သန်းပေါင်း ၅၁၆.၆၆၉ သန်းအနက် ဟိုမိန်းမြို့အား ကျပ် ၄၉၂.၈၄၃ သန်း ခွင့်ပြုပေးထားပါတယ်။ တကယ်တမ်းကျတော့ လင်းခေးခရိုင်ဆိုပြီးတော့ မြို့ပေါင်း (၅၀)မှာ (၁)ခုစီ ကျသွားပါတယ်။ ကျိုင်းတောင်းမြို့ အပါအဝင် ဆိုရင် (၆)ခု လောက်ရှိပါလိမ့်မယ်။ တကယ်တမ်း ဖြစ်သင့်ဖြစ်ထိုက်တာကတော့ ခွင့်ပြုလိုက်တဲ့ တိုးချဲ့တဲ့လုပ်ငန်းဆိုလျှင် မြို့နယ် (၆)ခု၊ မြို့နယ်အားလုံးအတွက် မျှတ၊ ညီမျှစွာဖြင့်သုံးစွဲဖို့ လိုအပ်လိမ့်မယ်လို့ ထင်ပါတယ်။ လင်းခေးခရိုင်ဆိုပြီးတော့ နေတဲ့ ပြည်သူလူထုကလည်း လျှပ်စစ်မီးဆိုတာလူတိုင်း လိုအပ်လျက်ရှိတယ်။ မြို့တိုင်းမှာလည်း လိုအပ်လျက်ရှိတယ်။ ပြီးပြည့်စုံတယ်ဆိုလို့ မရှိကြပါဘူး။ ဒါပေမဲ့လည်း ဟိုမိန်းက (၁၀)ခုလောက် ခွင့်ပြုထားတာ စဉ်းစားစရာဖြစ်နေတဲ့ အတွက်ကြောင့် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ဟိုမိန်းဆိုတာလည်း ငြိမ်းချမ်းရေးယူထားတဲ့ဒေသ ဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးဒေသဖွံ့ဖြိုးရေး လုပ်ငန်း ငွေစာရင်းခေါင်းစဉ်ဖြင့်လည်း ကျခံသုံးစွဲနိုင်တဲ့ အနေအထားလည်း ရှိပါတယ်။ ဒါ့ကြောင့်လည်းပဲ ကျွန်တော် ဖြစ်စေချင်တာက အစိုးရအဖွဲ့ရဲ့ လိုအပ်ချက်လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် လင်းခေးခရိုင်အတွင်းရှိ မြို့အားလုံးအတွက် သာတူညီမျှ အကျိုးခံစားခွင့်ဖြစ်စေရန် ခွင့်ပြုရန်ပုံငွေကျပ် ၅၁၆.၆၆၉ သန်းကို ဟိုမိန်းအတွက် အစိုးရ လိုအပ်ချက်အရ ဆိုလျှင်လည်း တစ်ဝက်ကျခံသုံးစွဲပါ။ ကျန်တစ်ဝက်ကို ကျွန်တော်တို့ ကျန်တဲ့မြို့ လင်းခေးဆိုလျှင် ခရိုင်မြို့တောင် ဖြစ်ပါသေးတယ်။ မိုးနဲ၊ မိုင်းပန်နှင့် မောက်မယ်အပြင် ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ ကျိုင်းတောင်းမြို့ကိုလည်း ထည့်ပြီးတော့ မီးလင်းရေးလုပ်ငန်း တိုးချဲ့ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါမှလည်း ပြည်သူလူထု အကျိုးပြုလုပ်ငန်းဆိုရင် ညီတူညီမျှ ခံစားခွင့်ရရှိမှာ ဖြစ်တဲ့အတွက်ကြောင့် လင်းခေးခရိုင်အတွက် ကျခံမည့်ဟာဆိုရင် အစိုးရရဲ့ လိုအပ်ချက်လည်း ဖြစ်စေတာကြောင့် ကျပ် ၅၁၆.၆၆၉ သန်းအား ဟိုမိန်းကို တစ်ဝက်လောက် ကျခံပြီးတော့ ကျန်တဲ့မြို့ (၅) မြို့ကိုလည်း ညီတူညီမျှ မီးလင်းရေးလုပ်ငန်းများ ပြန်လည်ရေးဆွဲ စိစစ်ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်အကြံပြု တင်ပြအပ်ပါတယ်။

နောက်တစ်ခုက စိုက်ပျိုးရေးဦးစီးဌာန ဖြစ်ပါတယ်။ သာမန်အသုံးစရိတ် ကျပ် ၅၀၀.၀၀ သန်း ဖြစ်ပါတယ်။ ဒီထဲမှာကြည့်မယ်ဆိုရင် ခေါင်းစဉ်က (၂)ခုရှိပါတယ်။ (၀၃၀၁)လုပ်အားခ ကျပ် ၂၅၀.၀၀၀ သန်း လုပ်ငန်းများအတွက်က ပဲပုပ်မျိုးသန့်ထုတ်လုပ် ခြင်း၊ GAP စနစ်ဖြင့်စိုက်ပျိုးရန် ထောက်ပံ့ခြင်းနှင့် ပိုးမွှားကင်းထောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဖော်ပြထားရှိပါတယ်။ နောက်ငွေစာရင်းခေါင်းစဉ် (၀၃၁၃)လုပ်ငန်းဖြင့် ကျပ် ၂၅၀.၀၀၀ သန်း မြေဩဇာဝယ်ယူခြင်း ဒါလည်း သဘာဝမြေဩဇာ၊ ပဲပုပ်မျိုးသန့်ထုတ်လုပ်ခြင်း၊ ရေကြီးနစ်မြုပ်နေသည့် လယ်များပံ့ပိုးခြင်းနှင့် GAP စနစ် လိုက်နာကျင့်သုံးရန် ပံ့ပိုးခြင်းဆိုပြီးတော့ ဖော်ပြထားပါတယ်။

အဆိုပါ လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်ပေးသွားမည့် မြို့နယ်၊ မြို့၊ ကျေးရွာအသီးသီးအတွက် လုပ်ငန်းစီမံချက်လည်း ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟုလည်း သိရှိရပါတယ်။ ဆွဲလည်းဆွဲပြီးပါပြီလို့ သူတို့တင်ပြထားတာ ရှိပါတယ်။ တကယ်တော့ နိုင်ငံတော်မှ ကျပ် ၅၀၀.၀၀၀ သန်း ကုန်ကျမည့်အသုံးစရိတ်ဟာ ပြည်သူလူထုများဖြစ်တဲ့ တောင်သူ၊ လယ်သမားများအတွက် အခမဲ့ ပံ့ပိုးပေးခြင်းဖြစ်ပြီး စိုက်ပျိုးရေးနည်းစနစ် တိုးတက်လာစေရန်၊ မျိုးစေ့မျိုးသန့်ရရှိရန်၊ မြေဩဇာ ရရန် ကူညီထောက်ပံ့ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာပြီး ကုန်ထုတ်လုပ်ငန်း ပိုမိုတိုးတက်ခြင်းဖြင့် စီးပွားရေးဖူလုံပြီး လူနေမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကူညီထောက်ပံ့ပေးခြင်းဖြစ် ကြောင်း ပြည်သူများအားလုံးကိုရော၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုပါ အသိပေး ရှင်းလင်းဆွေးနွေးရန် လိုအပ် လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်လည်းပဲ အမှန်တကယ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာဒေသ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်နှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်ရန် အဆိုပါ လုပ်ငန်းစီမံချက်အား ဖြန့်ဝေပေးရန် အကြံပြု တိုက်တွန်းအပ်ပါတယ်။

နောက်တစ်ခုက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနဟာဆိုရင် ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၁,၆၁၁.၉၃၄ သန်းကို မူလပထမ ကြားနာပွဲမစခင်က ပေးထားသည့် ကိန်းဂဏန်းအရ ကျွန်တော် ဖော်ပြခြင်းဖြစ်ပါတယ်။ (က) တောင်ကြီးမြို့ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း (၅)ခုအတွက်က ကျပ် ၆၀၂.၈၅၄ သန်း ဖြစ်ပါတယ်။ (ခ) အောင်ပန်းမြို့ ခန်းမဆောင်လမ်း၊ တံတားလုပ်ငန်း (၇)ခုအတွက် ကျပ် ၄၃၃.၃၈၀ သန်း ဖြစ်ပါတယ်။ (ဂ) လားရှိုးမြို့ လုပ်ငန်း (၃)ခုအတွက် ကျပ် ၅၇၅.၇၀၀ သန်း၊ စုစုပေါင်း ကျပ် ၁၆၁၁.၉၃၄ သန်း ဖော်ပြထားရှိပါတယ်။

ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတင်သည့် ပထမပုံမှန်ကစ၍ (၁၈)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ ကျင်းပခဲ့ရာမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် အသီးသီးတို့ကနေပြီးတော့ သူ့သက်ဆိုင်ရာ မြို့ရဲ့ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရန် မြို့ပြစနစ်ဆိုသည်မှာ လမ်း၊ မီး၊ အမှိုက်သိမ်းဆည်းမှု၊ သာယာလှပမှု အမျိုးမျိုးသော

မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်များကို အသီးသီး မေးခွန်းများဖြင့် ကြယ်ပွင့်ပြတာရော၊ မပြတာရော မေးမြန်းတာအများကြီးရှိခဲ့ပါတယ်။ အဲ့လိုမေးမြန်းတဲ့အခါမှာ သက်ဆိုင်ရာ ကိုယ်စားလှယ်မေးမြန်းချက်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့မှာလည်း သက်ဆိုင်ရာ မြို့ရဲ့အခွန်အခ ကောက်ခံရရှိမှုအပေါ်ကိုပဲ အခြေခံပြီးတော့ လုံလောက်မှုမရှိ၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း အမြဲတမ်းဖြေကြားမှုနဲ့ပဲ ကြုံတွေ့နေရပါတယ်။ အဲ့ဒီကြုံတွေ့နေရတာဆိုရင် ကျွန်တော်စဉ်းစားမိသည်မှာ စည်ပင်ဌာနရဲ့ ဘတ်ဂျက်ငွေ သက်ဆိုင်ရာမြို့ရဲ့ အသီးသီးလိုအပ်ချက်ကို အားနည်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း မရှိရင် သက်ဆိုင်ရာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှသာလျှင် ဖြည့်စွက်ဆောင်ရွက်ပေးဖို့ အင်မတန်မှ လိုအပ်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲ့ဒီကွက်လပ်လေးကို ဖြည့်ပေးနိုင်မှသာလျှင် တောရော၊ မြို့ပါ၊ အခုက တောကတော့ ပြောစရာ မလိုပါဘူး။

သက်ဆိုင်ရာ ဌာနအသီးသီးက လိုအပ်တဲ့ လမ်း၊ မီး၊ ရေ စသည်ဖြင့် အကုန်လုံးဖြည့်စွက်ပေးလျှင် ကျပ်ဘီလီယံပေါင်းမြောက်များစွာ ဖြည့်စွက်ပြီးတော့ ပြည်နယ်တစ်ခုလုံး ဖြည့်စွမ်းဆောင်ရွက်နေတာ အကုန်လုံးအသိပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်မှာက မြို့ပေါင်းက သိသလောက်ဆို (၈၀)ကျော်လားတော့ မသိပါဘူးခင်ဗျား။ အဲ့လောက်ရှိတဲ့မြို့မှာဆိုရင်လည်း မြို့ကြီးတွေမှာ ပြောစရာမရှိပါဘူး။ မြို့ကြီးကျတော့လည်း သူ့ရဲ့ရရှိတဲ့ ဝင်ငွေနဲ့ သူဟာသူ လုံလုံလောက်လောက် ဆောင်ရွက်နိုင်သည့်အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ လိုအပ်ချက်အရဆိုပြီး မြို့ကြီးမှာထပ်ပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အသီးသီးအောက်မှာလည်း ထပ်ပြီးတော့ ရန်ပုံငွေချထားပေးတာရှိတာနဲ့အညီ မြို့ကြီးကပြောစရာ မလိုပါဘူး။ ဒါကိုလည်း ကျွန်တော် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ လိုအပ်ချက်အရ မြို့ရဲ့ဂုဏ်ဆောင် ရှမ်းပြည်နယ်ရဲ့ မြို့ကြီးဆိုတော့ ဂုဏ်ဆောင်ပြီး အားကောင်းကောင်းဖြင့်လာတဲ့ ဧည့်သည်တော်များဖြစ်စေ၊ နိုင်ငံခြားဧည့်သည်ဖြစ်စေ ဆောင်ရွက်ပေးနိုင်တာကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း အစောက ကျွန်တော်တင်ပြသလို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ တင်ပြသလို ဘာမှလည်း မရရှာတဲ့ မြို့ငယ်လေးတွေအပေါ် ဖြည့်စွက်ပေးဖို့လည်း လိုအုံးမယ်လို့ ကျွန်တော် မြင်မိပါတယ်။ အဲ့မှာ ပြန်ကြည့်ပါက ဝင်ငွေနည်းပါးတဲ့ မြို့ငယ်ပေါင်းက ကျွန်တော်ထင်တာ (၅၀) ပတ်ဝန်းကျင်ရှိမယ်။ (၈၀)ထဲက (၅၀) လောက်ကျန်ပါမယ်။ ဥပမာ- တစ်ခါမှ လွှတ်တော်ထဲမှာ ပြောသံဆိုသံ မကြားတာရှိပါတယ်။ မိုင်းခုတ်မြို့၊ ပုံပါကျင်မြို့၊ မုံးထော်၊ မုံးထ စသည်ဖြင့် မြို့ငယ်လေးတွေ အရင်တော့ တစ်ကြိမ်တစ်ခါ မြို့နယ်ခွဲပြီးတော့ မြို့နယ်ဖြစ်လာတယ်။ တုံတာမြို့နယ် စသည်ဖြင့် မိုင်းယုမြို့နယ်၊ တောင်ပိုင်းမှာလည်း ရှိပါတယ်။ မိုင်းစံမြို့နယ်၊ တစ်ခြားမြို့နယ် ရှိကောင်းရှိမယ်။ မြောက်ပိုင်းမှာလည်း ထိုနည်းတူပဲ မိုင်းငေါ့တို့ စသည်ဖြင့် ဒီမြို့ငယ်တွေအမြောက်အများရှိပါတယ်။ တောင်ပိုင်းမှာဆိုလျှင် ကာလိတို့ အဲ့လိုဟာလေးတွေပေါ့။ ကာလိကျတော့ တစ်ခါမှလည်း လွှတ်တော်မှာ ပြောသံဆိုသံမရှိတဲ့ မြို့ငယ်လေးတွေ စောင့်ရှောက်မဲ့သူလည်းမရှိပါဘူး ဖြစ်လာပါတယ်။

ဒါကြောင့်လည်းပဲ ရရှိတဲ့ ဖြည့်စွက်ရန်ပုံငွေ ကျပ် ၁,၆၁၁.၉၃၄ သန်းကနေ ဒီလိုအပ်ချက် ကွက်လပ်လေးတွေကို ဖြည့်ဆည်းဆောင်ရွက်သွားမယ်ဆိုရင် မကောင်းဘူးလားလို့ ကျွန်တော်မြင်မိတာနဲ့အညီ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ သက်ဆိုင်ရာအစိုးရအဖွဲ့မှနေပြီးတော့ ချထားတဲ့ခွင့်ပြုငွေ ကျပ် ၁,၆၁၁.၉၃၄ သန်း၊ သက်ဆိုင်ရာမြို့ကြီး (၃)မြို့ ခွင့်ပြုပေးတဲ့ငွေ၊ ဒါပေမဲ့ ကြားနာပွဲတွင် ဆက်လက်ပြီးတော့ သက်ဆိုင်ရာက ပြန်လည်မွမ်းမံပြီးတော့ ပြန်တင်ပြတာရှိပါတယ်။ ဒါလည်းအကြောင်းအမျိုးမျိုးကြောင့် တစ်ခြားမြို့မှာပြန်လည် ဖြည့်ပြီးတော့ ဆောင်ရွက်ပေးတာရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အမြင်က ကျွန်တော်ဖြစ်စေချင်တာက အထူးအာရုံစိုက်ပြီးတော့ မြို့ငယ်လေးတွေဦးစားပေးဆောင်ရွက်စေချင်ပါတယ်။ လမ်းတွေ၊ တံတားတွေ၊ လိုအပ်ချက်တွေ တကယ်တမ်း ထဲထဲဝင်ဝင်သိတာ စည်ပင်သာယာရေးဌာနကသိပါတယ်။ ဘယ်သူမှ မသိပါဘူး။ တော်ယုံတန်ယုံလည်း ဘယ်သူမှ ဒီမြို့လေးတွေ ရောက်တာမရှိတဲ့အတွက်ကြောင့် ဘယ်လောက်မြို့သာခေါ်တာ ကျေးရွာသာသာလေးလောက်ပဲရှိကောင်း ရှိပါလိမ့်မယ်။ မြို့ဆိုတဲ့ သတ်မှတ်ချက်နဲ့အညီ မြို့ဖြစ်လာပြီဆိုလျှင် မြို့ပုံစံနှင့်အညီ မြို့ပုံစံကို ဆောင်ရွက်ပေးဖို့ တာဝန်တွေက စည်ပင်ဌာနကော၊ အစိုးရအဖွဲ့မှာကော တာဝန်ရှိတယ်ဆိုတာ လေးစားစွာဖြင့်ပဲ

တင်ပြလိုပါတယ်။ ဒါကြောင့်လည်းပဲ အဲဒီငွေထဲကနေပြီးတော့ ပြန်လည် ရေးဆွဲပေးဖို့ ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်လိုပဲဖြစ်ဖြစ် ငွေကျပ် ၁,၆၁၁.၉၃၄ သန်းကို အားလုံး သက်ဆိုင်ရာမြို့ကို ဆောင်ရွက်ပေးပါလို့လည်း မဆိုလိုပါဘူး။ အစွန်း(၂)ဖက်ကိုလည်း ရှောင်ပါတယ်။ ဖြစ်နိုင်လို့ရှိရင် သက်ဆိုင်ရာမြို့ကြီးတွေ အစိုးရလိုအပ်ချက်ကော စည်ပင်ရဲ့လိုအပ်ချက်အရကော တစ်ဝက်စီ ခွဲပေးလိုက်ပါ။ မဇ္ဈိမပဋိပဒါအရ အစွန်း(၂)ဖက် ရှောင်ပြီးတော့ ကျပ် ၆၀၀ သန်းကို တစ်ဝက်စီခွဲပြီးတော့ သက်ဆိုင်ရာ မြို့ငယ်လေးများအတွက် လိုအပ်ချက်ကို မျှမျှတတဖြင့် ခွဲဝေပြီး သူတို့လိုအပ်ချက်ကို ဆောင်ရွက်ပေးပါ။ ကျန်တဲ့ ကျပ် ၈၀၀ သန်းကျော်ကို သက်ဆိုင်ရာ မြို့ကြီးများ၏ လိုအပ်ချက်ကို ပြန်လည်ကျခံသုံးစွဲပေး မည်ဆိုလျှင် ဒီဖြည့်စွက်ငွေ ကျပ် ၁,၆၁၁.၉၃၄ သန်းဟာဆိုလျှင် ကျွန်တော်တို့ ပြည်နယ်တစ်ခုလုံး မြို့မှာနေထိုင်ကြတဲ့ လူဦးရေအားဖြင့် ကျွန်တော်သိသလောက်ဆိုရင် (၁၅)သိန်း၊ (၁၆)သိန်း ရှိပါပြီ။ အဲ့ဒါကို နောက်ဆုံးအနေဖြင့် ကျွန်တော်တင်ပြ ရမည်ဆိုလျှင် ပြည်သူများအားလုံး မြို့မှာနေထိုင်တဲ့ ပြည်သူများအတွက် ကျခံသုံးစွဲပေးဖို့ ကျပ် ၁,၆၁၁.၉၃၄ သန်းအား တစ်ဝက်စီခွဲဝေ ပြီးတော့ ကျန်တဲ့မြို့ငယ်များကို မျှမျှတတ ကျပ် ၈၀၀.၀၀၀ သန်း ခွဲဝေပေးပါ။ ကျန်ငွေ ကျပ် ၈၀၀.၀၀၀ သန်းကျော်ကိုတော့ မြို့ကြီးများအတွက် လိုအပ်ချက်များကို ပြန်လည်ရေးဆွဲ ကျခံသုံးစွဲသွားပါရန် လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဆန်းလင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ သဘောတရားရေးရာကို အသားပေးပြီး တင်ပြအကြံပြု ဆွေးနွေးလိုပါတယ်ခင်ဗျား။

တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာဘဏ္ဍာငွေရရှိမှသာဆောင်ရွက် နိုင်မည် ဖြစ်သကဲ့သို့ ဘဏ္ဍာငွေခွဲဝေမှု ညီညွတ်မျှတမှုအပေါ်မူတည်ပြီး ဖွံ့ဖြိုးတိုးတက်မှုတွေဟာလည်း အချိုးညီညွတ်စွာ ပေါ်ထွက်လာမည်ဖြစ်တာကို ဦးစွာပထမ အလေးအနက် ဆွေးနွေးတင်ပြလိုပါတယ်။ အလားတူ ရှမ်းပြည်နယ်၏ မြို့နယ် (၅၅)မြို့နယ်ကို အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာဖို့ ဆိုရာမှာလည်း ပြည်ထောင်စုရန်ပုံငွေဖြင့် တိုက်ရိုက်သုံးစွဲခွင့်ပြုထားသော လုပ်ငန်းများမှအပ၊ ပြည်နယ်ရန်ပုံငွေနှင့် ပြည်ထောင်စုမှ ဖြည့်စွက်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝေးလံ ခေါင်ဖျားသောဒေသရှိ မြို့နယ်များအထိ ညီညွတ်မျှတစွာ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဟာ အလွန်ပင်အရေးကြီးပါတယ်။

ဌာနဆိုင်ရာအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချို့လုပ်ငန်းများဟာ တစ်နှစ်အတွင်း ရရှိသော ဘဏ္ဍာငွေဖြင့် မလုံလောက်သဖြင့် လုပ်ငန်းဆက်များအဖြစ် သက်ဆိုင်ရာမြို့နယ်စီမံကိန်းဦးစီးဌာနသို့ တင်ပြဆောင်ရွက် ရတဲ့အခါမှာ မြို့နယ်စီမံကိန်းဦးစီးဌာနများအနေဖြင့် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်းကောင်း ဘဏ္ဍာငွေ ထပ်မံတင်ပြတောင်းခံရာတွင် လုပ်ငန်း၏ မူလခွင့်ပြုရန်ပုံငွေပမာဏ၊ ယခင်နှစ် ဘဏ္ဍာငွေရရှိသုံးစွဲမှုပမာဏနှင့် လုပ်ငန်းပြီးစီးမှု၊ ယခုနှစ်ဘဏ္ဍာငွေ ထပ်မံတင်ပြတောင်းခံမှုပမာဏနှင့် လုပ်ငန်းလက်ကျန်တို့အား နှိုင်းယှဉ်ဖော်ပြ၍ တောင်းခံ သင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဘဏ္ဍာငွေအရအသုံးစိစစ်ရေးကော်မတီ အနေဖြင့်လည်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် ဘဏ္ဍာငွေမျှတစွာ ခွဲဝေသုံးစွဲနိုင်ရေး စိစစ်ကြပ်မတ်ရန်အပြင် မိမိ၏မဲဆန္ဒနယ်အတွက်သာမကပဲ အမှန်တကယ်လိုအပ်လျက်ရှိသော မြို့နယ်များ အတွက်လည်း ဘဏ္ဍာငွေညီညွတ်မျှတစွာ ခွဲဝေချထားပေးရေးကို အလေးအနက်ထား ဆောင်ရွက်ဖို့လည်း တင်ပြဆွေးနွေး လိုပါတယ်။

လမ်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံရာမှာ သက်ဆိုင်ရာမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) ဝန်ကြီးဌာနများအနေဖြင့် ဒေသအတွင်း ကျေးလက်ဒေသရှိ မဖွံ့ဖြိုးသေးသော ကုန်ထုတ်လမ်းများ၊ ကျေးလက် လမ်းများအပါအဝင် မဖြစ်မနေဆောင်ရွက်သင့်သည့် သွားလာမှုခက်ခဲသောလမ်းများ ဖောက်လုပ်ရေးအတွက် ဦးစားပေးအဆင့် အတန်းဖြင့် တင်ပြတောင်းခံရန် လိုအပ်ပါတယ်။

အထူးသဖြင့် မြို့ပြဒေသများမှာ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို အတော်များများ တွေ့မြင်နေရတာ ဖြစ်ပါတယ်။ အကျယ် (၁၆)ပေ အရှည် (၁)ပေရှိတဲ့ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာရဲ့ တန်ဖိုးဟာ ၄၆,၀၀၀ ကျပ်မှ ၄၈,၀၀၀ ကျပ် ခန့်အထိ ကုန်ကျမှုရှိတဲ့အတွက်ကြောင့် ၎င်းလုပ်ငန်းများအစား မဖွံ့ဖြိုးသေးသော ကျေးလက်ဒေသများတွင် မဖြစ်မနေလိုအပ် နေသော ကုန်ထုတ်လမ်းများ၊ မြေသားလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျောက်ခင်းလမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှုတစေမှာဖြစ်ပြီး ပြည်သူအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးစေမှာ ဖြစ်ကြောင်းကိုလည်း ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။

လမ်းလုပ်ငန်းများအတွက် လမ်းအူကြောင်း ရွေးချယ်ခြင်းဟာ အလွန်အရေးကြီးတဲ့ကဏ္ဍတွင် ပါဝင်လျက်ရှိပြီး လမ်းအသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေး၊ အဆင်းအတက် ပြေပြစ်ချောမွေ့စေရေးနှင့် လမ်းခရီးတတ်နိုင်သမျှ တိုတောင်းစေရေးစတဲ့အချက်တွေကို ကွင်းဆင်းစစ်ဆေးပြီးမှသာ ဘဏ္ဍာငွေတင်ပြတောင်းခံသင့်ကြောင်းကိုလည်း လေ့လာ တွေ့ရှိရပါတယ်။ အချို့လမ်းများတွင် လမ်းပခုံးများမရှိသဖြင့် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်မှု၊ ဝဲ/ ယာ ရေမြောင်းများ မပါရှိသဖြင့် မိုးရာသီမှာ ရေတိုက်စားပြီး ပျက်စီးယိုယွင်းမှုကြောင့် သွားလာမှုခက်ခဲလျက်ရှိခြင်း၊ အချို့လမ်းများတွင် အတက်အဆင်း မတ်စောက်လွန်း၍ သွားလာရန် ခက်ခဲသဖြင့် ပြန်လည်ဖြေလျှော့ပေးရန် တင်ပြနေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ (ဥပမာ၊ လောက်ကိုင်– ချင်းရွှေဟော်လမ်း) ဖြစ်ပါတယ်။

အချို့ကျေးလက်ဒေသများတွင်လည်း မြေသားလမ်းများ ဖောက်လုပ်ထားသော်လည်း ပြုပြင်ထိန်းသိမ်းမှု အားနည်း ခြင်းကြောင့်နွေမိုးဆောင်းအသုံးမပြုနိုင်သောအခြေအနေရှိပါသဖြင့်သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဖောက်လုပ်ပြီးလမ်းများ ပြန်လည်ပြင်ဆင်ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံရန် လိုအပ်မည်ဖြစ်ကြောင်းကို လည်း ဆွေးနွေးတင်ပြလိုပါတယ်။ (ဥပမာ၊ မန်တုံ– ရေပုံးလမ်း) ဖြစ်ပါတယ်။

ထို့ပြင် မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရနှင့် လွှတ်တော်မှဘဏ္ဍာငွေ သုံးစွဲခွင့်မပြုသေးသော လုပ်ငန်းများအား ကြိုတင်ဆောင်ရွက်ခြင်းမျိုးမပြုရန်နှင့် ဘဏ္ဍာငွေရသုံးစိစစ်ရေးကော်မတီမှ စိစစ်တင်ပြ အတည်ပြုပြီးမှသာ လုပ်ငန်းများစတင် လုပ်ဆောင်ရန်ကိုလည်း ဆွေးနွေးလိုပါတယ်ခင်ဗျား။

ထပ်မံ၍ လမ်းနှင့်အဆောက်အဦများအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံရာတွင် မူလအဓိကလုပ်ငန်း တန်ဖိုးအပြင် ၎င်းနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းဆက်များကိုပါ တစ်ပါတည်း ထည့်သွင်းတွက်ချက် တောင်းခံသင့်ပါတယ်။ ဥပမာ လမ်းလုပ်ငန်းတွင် ဝဲ/ ယာ ရေမြောင်းများ၊ မြေအောက်မြောင်းများနှင့် တံတားများ၊ အဆောက်အဦလုပ်ငန်းများအတွက် ၎င်းနှင့်ဆက်စပ်နေသော ရေစီးရေလာစနစ်များ၊ အဆောက်အဦ ပတ်လည်ရေမြောင်းများ၊ မြေထိန်းနံရံများ စသည်တို့ကိုလည်း တစ်ပြိုင်တည်း တွက်ချက်တောင်းခံသင့်ပါတယ်။ သို့မှသာ ဆောင်ရွက်ပြီးသော လုပ်ငန်းများဟာ ပြည့်စုံမည်ဖြစ်ပြီး၊ ရေရှည်တည်တံ့၍ ဘဏ္ဍာငွေ အလေအလွင့်လျော့နည်းစေမှာ ဖြစ်ကြောင်းကိုလည်း ဆွေးနွေးတင်ပြလိုပါတယ်။ ထပ်မံ၍ ဆွေးနွေးလိုတာက အဆောက်အဦလုပ်ငန်းများတွင် အမှန်တကယ် အသုံးပြုနိုင်မည့် အခြေအနေရှိမှသာ တင်ပြတောင်းခံခြင်းမျိုး ရှိသင့်ပါတယ် ခင်ဗျား။ (ဥပမာ၊ မိုးမိတ်မြို့နယ် ထွေ/အုပ် ရုံးအဆောက်အဦဟာဆိုရင် လုံခြုံရေးအကြောင်းပြချက်ဖြင့် လက်တွေ့မှာ အသုံးပြုနိုင်ခြင်းမရှိဘဲ စွန့်ပစ်ခံထားရသကဲ့သို့ရှိနေ၍ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးနေရသည်ကို သာဓက ယူနိုင် မှာဖြစ်ပါတယ်။)

ဆက်လက်၍ မော်တော်ယာဉ်နှင့် စက်သုံးဆီသုံးစွဲမှုအတွက် ဘဏ္ဍာငွေတင်ပြတောင်းခံနေမှုနှင့် ပတ်သက်၍လည်း ဆွေးနွေးလိုပါတယ်ခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သုံးစွဲနေသည့် ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်ခုနှစ်နှင့် အသုံးပြုပုံပေါ်မူတည်၍ လစဉ်စက်သုံးဆီနှုန်းထားနှင့် ယာဉ်ပြင်ဆင်စရိတ်များကိုလည်း မူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်သင့်ပါတယ်။ ယာဉ်ပြင်ဆင်စရိတ်များကို အမှန်တကယ် ယာဉ်ပြင်ဆင်ဖို့လိုအပ်မှာ ဖြစ်သလို၊ လက်တွေ့မြေပြင်မှာ အသုံးပြု၍မရသော ယာဉ်များအတွက် စက်သုံးဆီ တင်ပြတောင်းခံမှု မရှိစေရေးနှင့် ၎င်းယာဉ်များအား

ပြန်လည်အပ်နှံစေရေးတို့အတွက် မူဝါဒချမှတ် ဆောင်ရွက်ခြင်းဖြင့်လည်း ဘဏ္ဍာငွေလေလွင့်မှုမရှိစေရန် ဆောင်ရွက်နိုင်ကြောင်းကို အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

အချို့ဆည်မြောင်းများတွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်နေသောကြောင့် ရေပေးဝေခြင်းမပြုနိုင်သဖြင့် ဆည်ရေသောက်ဧရိယာအတွင်း စိုက်ကွက်များ တည်ရှိနေသော်လည်း ဆည်ရေမရသဖြင့် ကောင်းစွာစိုက်ပျိုးခြင်း မပြုနိုင်သော ဆည်မြောင်းအချို့အတွက်လည်း ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် အကြံပြုထောက်ပြ ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။ (ဥပမာ- လားရှိုးမြို့၊ ရန်အောင်မြင်ဆည် ဖြစ်ပါတယ်)။ ဒီလိုထိန်းသိမ်းရေးအတွက် စရိတ်အနည်းငယ် အသုံးပြုလိုက်ခြင်းဟာ မူလဆည်ကြီးတစ်ခုလုံးကို တည်ဆောက်ခြင်းရဲ့တန်ဖိုးကို ပြန်လည်ရရှိလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ထပ်မံဆွေးနွေးတင်ပြလိုတာကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရှမ်းပြည်နယ်ရှိ မြို့နယ်များတွင် နှစ်စဉ်မိုးရာသီ စိုက်ပျိုးရေးပွဲတော်များ ပြုလုပ်၍ ရတနာတန်းဝင်ပင်၊ အရိပ်ရပင်၊ နှစ်ရှည်စားသုံးသီးနှံပင်နှင့် စက်မှုကုန်ကြမ်းသီးနှံပင်များကို စိုက်ပျိုးလျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ စိုက်ပျိုးခဲ့သော အပင်အမျိုးအစား၊ အရေအတွက်၊ တည်နေရာတို့နှင့်အတူ အပင်အမျိုးအစားအလိုက် ရှင်သန်ဖြစ်ထွန်းမှုပမာဏကို မှတ်ပုံတင်ထားရှိပြီး အပင်များရှင်သန်မှုအတွက် ထိန်းသိမ်းပေးခြင်းများ ဆောင်ရွက်မည်ဆိုပါက ဘဏ္ဍာငွေအကုန်ကျခံ၍ စိုက်ပျိုးခဲ့မှုများမှ အကျိုးပြန်လည်ဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဘဏ္ဍာငွေသုံးစွဲရမှုကို အကျိုးရှိထိရောက်စေမှာ ဖြစ်ကြောင်းကိုလည်း တင်ပြဆွေးနွေးအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဆွေးနွေးရရင် ကျွန်တော့်ရဲ့ဆွေးနွေးချက်များဟာ အကြံပြုထောက်ပြ ဆွေးနွေးခြင်းဖြစ်တဲ့အတွက် လိုအပ်ချက်ရှိတဲ့ အားနည်းချက်တစ်ချို့ကို ဖော်ပြဆွေးနွေးသွားတာဟာ လက်တွေ့လုပ်ငန်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းနှင့် ဌာနများကို အပြစ်တင်ပြောဆိုလိုခြင်းမဟုတ်ဘဲ ရှေ့ကလိုအပ်ချက်တွေကို သာဓကယူပြီး ပြည်သူ့ဘဏ္ဍာငွေများအား လိုအပ်သောနေရာများတွင် ဦးစားပေးအဆင့်အလိုက် စနစ်တကျ ခွဲဝေသုံးစွဲနိုင်ရေး၊ ဘဏ္ဍာငွေလေလွင့်မှုမရှိစေရေး၊ ပြည်နယ်အတွင်း မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု အချိုးကျကျ ညီညွတ်မျှတစေရေးတို့အတွက် စေတနာထား၍ အပြုသဘောဖြင့် လေ့လာသုံးသပ် ဆွေးနွေးတင်ပြခြင်းသာ ဖြစ်ပါတယ်။ ကြွရောက်လာသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာ၍ မိမိတို့၏ လုပ်ငန်းဆောင်တာများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကျွန်တော့်၏ ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။



မီဒီယာများမှ မီဒီယာအခန်းတွင် သတင်းယူစဉ်

**ရှမ်းပြည်နယ်လွှတ်တော်၏ ဦးတည်ချက် (Objectives)**

( ၁ ) ဥပဒေပြုခြင်း၊

( ၂ ) ကိုယ်စားပြုခြင်း၊

( ၃ ) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

( ၄ ) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်က ကော်မတီ၏ အစီရင်ခံစာအားလွှတ်တော်သို့ တင်ပြခြင်း



ရှမ်းပြည်နယ်လွှတ်တော်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့်က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ အောက်ပါအတိုင်း ဖတ်ကြားခဲ့ပါသည် –

ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌၂၀၁၉–၂၀၂၀ခု၊ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြု ငွေစာရင်းအား သာမန်အသုံးစရိတ် ကျပ် ၃.၀၁၅ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၇.၃၁၉ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်ထောင်စုမှ စိစစ်လျှော့ချမှုအရ သာမန်အသုံးစရိတ် ကျပ် ၂.၆၄၄ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၈.၆၂၀ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၁.၂၆၄ ဘီလီယံသာ ခွင့်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။

စိစစ်လျှော့ချခဲ့သည့် ဌာနများမှာ ဗဟိုအဖွဲ့အစည်း (၃)ခု၏ အဆိုပြုငွေကျပ် ၃,၄၂၆.၃၀၆ သန်း၊ စိစစ်လျှော့ချသည့်အတွက် ငွေကျပ် ၁,၇၀၁.၁၀၀ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၇၀၅.၂၀၆ သန်း ဖြစ်ပါတယ်။ ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၄)ခု၏ အဆိုပြုငွေကျပ် ၁၀,၂၅၇.၄၁၈ သန်း၊ စိစစ်လျှော့ချသည့်အတွက် ငွေကျပ် ၄,၃၄၄.၈၁၉ သန်း ဖြစ်ပြီး ခွင့်ပြုငွေမှာ ကျပ် ၅,၉၁၂.၅၉၉ သန်း ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၁)ခု၏ အဆိုပြု ငွေကျပ် ၄,၀၃၄.၀၀၀ သန်း၊ စိစစ်လျှော့ချသည့်ငွေ ကျပ် ၂,၀၀၀.၀၀၀ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၂,၀၃၄.၀၀၀ သန်း ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အစည်း (၁)ခု၏ အဆိုပြုငွေ ကျပ် ၂,၆၁၅.၈၅၄ သန်း၊ စိစစ်လျှော့ချသည့်ငွေ ကျပ် ၁,၀၀၃.၉၂၀ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၆၁၁.၉၃၄ သန်း ဖြစ်ပါတယ်။

၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၄၈.၉၆၆ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၈၃ ဘီလီယံ၊ စုစုပေါင်းရငွေ ကျပ် ၄၉.၀၄၉ ဘီလီယံနှင့် သာမန်အသုံးစရိတ် ကျပ် ၁၁၀.၄၉၄ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၉၆.၇၆၅ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၀၇.၂၅၉ ဘီလီယံ ဖြစ်သည့်အတွက် လိုငွေ ကျပ် ၂၅၈.၂၁၀ ဘီလီယံကို ပြည်ထောင်စုမှ ထောက်ပံ့ပေးကြောင်း တွေ့ရှိပါတယ်။

၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉ – ၂၀၂၀ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးအောင်ထွဏ်းက ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂.၆.၂၀၂၀) ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား အတည်ပြုနိုင်ရေးအတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသော ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းများအားကြိုတင် စိစစ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နှင့်အညီ ဥပဒေပြုရေးဆိုင်ရာကော်မတီ အစည်းအဝေးကို (၁၅.၆.၂၀၂၀) ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး၊ နည်းဥပဒေ ၆၄ နှင့်အညီ ဌာနဆိုင်ရာ ကြားနာပွဲကို (၁၆.၆.၂၀၂၀)ရက်နေ့မှ (၁၈.၆.၂၀၂၀)ရက်နေ့အထိ (၃)ရက်တိုင် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခဲ့သည့် ဌာန/ အဖွဲ့အစည်း (၁၉)ခုနှင့် ကျင်းပပြုလုပ်ခဲ့ပါတယ်။ (၂၄.၆.၂၀၂၀)ရက်နေ့မှာ ကော်မတီ(၂)ခုပူးပေါင်း၍ အပြီးသတ် ညှိနှိုင်းဆွေးနွေးမှုအရ လေ့လာသုံးသပ် အကြံပြုချက်များကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ အရ အစီရင်ခံစာ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂.၆.၂၀၂၀) ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခဲ့သည့်ဌာန (၁၉)ခု အတွက် သာမန်အသုံးစရိတ် ငွေကျပ် ၃,၀၁၄.၃၈၀ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၇,၃၁၉.၁၉၈ သန်း၊ စုစုပေါင်း အသုံးစရိတ်ငွေကျပ် ၂၀,၃၃၃.၅၇၈ သန်းကို အတည်ပြုခဲ့ပြီး ပြည်ထောင်စုမှ စိစစ်လျှော့ချချက်အရ ငွေကျပ် ၉,၀၆၉.၈၃၉ သန်း စိစစ်လျှော့ချခဲ့သဖြင့် ဖြည့်စွက်ခွင့်ပြုငွေမှာ ကျပ် ၁၁,၂၆၃.၇၃၉ သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုကနေ စိစစ်ခွင့်ပြုခဲ့တဲ့ လျှော့ချပြီးတဲ့ ဌာန/ အဖွဲ့အစည်း (၁၉)ခုရဲ့ ခွင့်ပြုငွေတောင်းခံချက်အပေါ် စိစစ် ခွင့်ပြုတဲ့စာရင်းချုပ်ပဲ ဖြစ်ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၂)ခန်း၊ ပုဒ်မပေါင်း (၃)ခု ပါဝင်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်တွေ့ရှိချက်အရ နောက်ထပ်ခွင့်ပြုသည့်သုံးငွေတွင် ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေ ကျပ် ၃၈၂.၅၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၂၁၂.၀၅၀ သန်း၊ စုစုပေါင်း ငွေကျပ် ၁,၅၉၄.၅၅၀ သန်း၊ ပြည်နယ်ဥပဒေချုပ်ရုံး သာမန် သုံးငွေ ကျပ် ၃၉.၂၄၃ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး သာမန်သုံးငွေ ကျပ် ၇၁.၄၁၃ သန်း၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့၏ သာမန်သုံးငွေ ကျပ် ၄၉၃.၁၅၆ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁,၂၁၂.၀၅၀ သန်း၊ စုစုပေါင်း ငွေကျပ် ၁,၇၀၅.၂၀၆ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးငွေတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအောက်ရှိ ဌာန (၁)ခု၏ သာမန်သုံးငွေ ကျပ် ၅၈၀.၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁၆.၆၉၆ သန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၁)ခု၏ သာမန်သုံးငွေကျပ်သန်း ၁၆၀.၀၀၀၊ ငွေလုံး ငွေရင်းသုံးငွေကျပ် ၂၄.၈၃၀ သန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု၏ သာမန်သုံးငွေ ကျပ် ၃.၂၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃၃၃.၄၂၉ သန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၁)ခု၏ သာမန်သုံးငွေ ကျပ် ၃.၇၅၀ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန (၃)ခု၏ သာမန်သုံးငွေ ကျပ် ၆၀၈.၉၄၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃.၆၀၀ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခု၏ သာမန်သုံးငွေ ကျပ် ၁၈၇.၇၉၁ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဌာန (၁)ခု၏ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂၃၄.၅၂၀ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၃)ခု၏ သာမန်သုံးငွေကျပ် ၆၀၇.၀၄၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၃,၁၄၈.၈၀၀ သန်း၊ စုစုပေါင်း ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သာမန်သုံးငွေ ကျပ် ၂,၁၅၀.၇၂၄ သန်း၊ ငွေလုံး ငွေရင်းသုံးငွေ ကျပ် ၃,၇၆၁.၈၇၅ သန်း၊ စုစုပေါင်း ကျပ် ၅,၉၁၂.၅၉၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိ ရပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ သုံးငွေတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မှ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂,၀၃၄.၀၀၀ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

စည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁,၆၁၁.၉၃၄ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)တွင် သာမန်သုံးငွေ ကျပ် ၂,၆၄၃.၈၈ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၈,၆၁၉.၈၅၉ သန်း၊ စုစုပေါင်း ကျပ် ၁၁,၂၆၃.၇၃၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ (၈.၅.၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၉)ဖြင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများ ပြင်ဆင်သတ်မှတ်ခြင်းကြောင့် ဌာနများမှ ဒေသစရိတ်လိုငွေအတွက် သာမန်အသုံးစရိတ် တောင်းခံထားကြောင်း တွေ့ရှိရပါတယ်။

ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာနအလိုက် အမှန်တကယ် ထပ်မံသုံးစွဲရန် လိုအပ်သော အသုံးစရိတ်များကိုသာ

တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။

အချို့ဌာနများသည် "အစိုးရအဖွဲ့၏ညွှန်ကြားချက်"အရ ရန်ပုံငွေခွဲဝေရာတွင် မျှတမှု မရှိသည်ကို တွေ့ရှိရပါတယ်။ ဥပမာ– စည်ပင်သာယာရေးဌာနအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးပေးထားသောငွေ ကျပ် ၁,၆၁၁.၉၃၄ သန်းအား တောင်ကြီး၊ ကလော၊ လားရှိုး (၃)မြို့တွင်သာ ခွဲဝေပေးပြီး၊ ကျန်မြို့နယ်များအတွက် ခွဲဝေပေးထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။

ရန်ပုံငွေခွဲဝေလျာထားရာတွင် အချို့လုပ်ငန်းများမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အရ လည်းကောင်း၊ ဝန်ကြီးများ၏ခရီးစဉ်ညွှန်ကြားချက် အရလည်းကောင်း၊ ဒေသတင်ပြချက်အရ လည်းကောင်းဟူ၍ ထည့်သွင်းလျာထားသည်ကို လေ့လာတွေ့ရှိရပါတယ်။

**စိစစ်ချက်အရ ပြင်ဆင်သည့်လုပ်ငန်းများ**

စိစစ်ချက်အရ အောက်ဖော်ပြပါဌာန (၄)ခု၏ လုပ်ငန်းများအား ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်–

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မူလလျာထားလုပ်ငန်းရပ် (၈)ခု ဖြစ်သည့် ကလောမြို့နှင့် အောင်ပန်းမြို့များတွင် မီးပွိုင့်တပ်ဆင်ရန်၊ မီးလုံးတပ်ဆင်ရန်၊ မီးတိုင်ပြုလုပ်ရန်၊ ယာဉ်ထိန်းအဆောက်အဦ ဆောက်လုပ်ရန် ကျပ် ၁၅.၈၀၀ သန်းမှာ လုပ်ငန်းသစ်ဖြစ်သဖြင့် တောင်ကြီး – ကျောက်တလုံး သွားလမ်း မီးပွိုင့်အသစ် တည်ဆောက်တပ်ဆင်ခြင်းနှင့် ဓာတ်မီးတိုင် (၁)တိုင် ပြောင်းရွှေ့ခြင်းနှင့် လမ်းပြုပြင်ခြင်း(တောင်ကြီးတက္ကသိုလ်လမ်း၊ ဧရာဝတီလက်ဖက်ရည်ဆိုင်လမ်းဆုံ)အတွက် ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်။

၂၀၁၉ –၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (RE)ဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းများမှ ပြင်ဆင်ဆောင်ရွက်လိုတဲ့ လုပ်ငန်းစာရင်းကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး မူလလျာထားတဲ့လုပ်ငန်းကတော့ (၁) ကလောမြို့နှင့် အောင်ပန်းမြို့များတွင် မီးပွိုင့်တပ်ဆင်ရန်၊ မီးလုံးတပ်ဆင်ရန်၊ မီးတိုင်ပြုလုပ်ရန် ယာဉ်ထိန်း အဆောက်အဦဆောက်လုပ်ရန် လျာထားငွေကျပ် ၁၅.၈၀၀ သန်း ဖြစ်ပါတယ်။ (က) အောင်ပန်းမြို့၊ မိတ္ထီလာ – အောင်ပန်း – တောင်ကြီး – ပင်းတယလမ်းဆုံမီးပွိုင့် ပြုပြင်တပ်ဆင်ခြင်း မူလလျာထားငွေ (၂)သန်း ဖြစ်ပါတယ်။ (ခ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များ တပ်ဆင်ခြင်း (အ.ထ.က – ၁၀) ညောင်ပင်ထောက်ကျောင်းရှေ့(မီးလုံး (၃)လုံး၊ တိုင် (၂)တိုင်x (၈)သိန်း) စုစုပေါင်း (၁)သန်း (၆)သိန်း ဖြစ်ပါတယ်။ (ဂ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (အ.ထ.က – ၈) လှည်းရိုးကျောင်းရှေ့ (မီးလုံး (၁)လုံး၊ တိုင် (၂)တိုင်x (၅)သိန်း) စုစုပေါင်း (၁၀)သိန်း ဖြစ်ပါတယ်။ (ဃ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (အိုးစည်သုံးလုံး၊ မိုးကောင်းရပ်ကွက်) (မီးလုံး (၁)လုံး၊ တိုင် (၂)တိုင်x (၅)သိန်း)နှစ်ခုအတွက် (၁၀)သိန်း ဖြစ်ပါတယ်။ (င) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (ပြည်တော်သာအတက်လမ်း) (မီးလုံး (၃)လုံး၊ တိုင် (၁)တိုင်x (၈)သိန်း) တန်ဖိုးအားဖြင့် (၈)သိန်း ဖြစ်ပါတယ်။ (စ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (မင်္ဂလာကန်လမ်းဆုံ) (မီးပွိုင့်အသစ် (၃)တိုင်) တန်ဖိုးငွေအားဖြင့် (၈၀) သိန်း ဖြစ်ပါတယ်။ (ဆ) အောင်ပန်းမြို့တွင်း အချက်ပြမီးပွိုင့်များတပ်ဆင်ခြင်း (ပညာရေး(၃) လမ်းဆုံ) (မီးလုံး (၁)လုံး၊ တိုင် (၁)တိုင်) (၅)သိန်း၊ (ဇ) ကလောမြို့၊ မြို့လယ်ညောင်ပင် မီးပွိုင့်ယာဉ်ထိန်းအဆောက်အဦ၊ သွပ်မိုးသံထည်၊ တန်ဖိုးအားဖြင့် (၉)သိန်း။ အဲ့ဒီလုပ်ငန်းတွေကို ပြောင်းလဲလိုက်တဲ့လုပ်ငန်းတွေကတော့ တောင်ကြီး – ကျောက်တလုံးသွားလမ်း မီးပွိုင့်အသစ်တည်ဆောက်တပ်ဆင်ခြင်း၊ ဓာတ်မီးတိုင် (၁)တိုင် ပြောင်းရွှေ့ခြင်းနှင့် လမ်းပြုပြင်ခြင်း (တောင်ကြီးတက္ကသိုလ်လမ်း၊ ဧရာဝတီလက်ဖက်ရည်ဆိုင်လမ်းဆုံ) စုစုပေါင်း ကျပ် ၁၅.၈၀၀ သန်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြအစီရင်ခံထားတဲ့ (က) ကနေပြီးတော့မှ (ဇ)ထိ လုပ်ငန်းပေါင်းတွေကို တောင်ကြီး – ကျောက်တလုံးလမ်း မီးပွိုင့်အသစ် တည်ဆောက်တပ်ဆင်ခြင်းနှင့် ဓာတ်မီးတိုင် (၁)တိုင် ပြောင်းရွှေ့ခြင်းလုပ်ငန်းကို ပြောင်းလဲဆောင်ရွက်ဖို့ ဆုံးဖြတ်ထားတဲ့အနေအထား ဖြစ်ပါတယ်။

(ခ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မူလလုပ်ငန်းရပ် (၂)ခုအတွက် လျာထားငွေ ကျပ် ၆၄.၃၀၀ သန်းအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လုပ်ငန်းရပ် (၃)ခုတွင် ပြောင်းလဲလျာထားခဲ့ပါတယ်။

အဲ့ဒီလုပ်ငန်းကတော့ (၁) မဘိမ်းမြို့၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအား ခြံစည်းရိုးကာရံခြင်း ၁၇၀၀ ပေ၊ (၂) မဘိမ်းမြို့၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအတွင်း ၂" အဝီစိတွင်းတူးခြင်း၊ ဒီလုပ်ငန်း (၂)ခုရဲ့ စုစုပေါင်း မူလတန်ဖိုးက ကျပ် ၆၄.၀၀၀ သန်း ဖြစ်ပါတယ်။ ပြန်လည်ပြောင်းလိုက်တဲ့ လုပ်ငန်းတွေကတော့ (၁) မဘိမ်းမြို့၊ ဓာတ်အားရရှိရေးအတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအား ခြံစည်းရိုးကာရံခြင်း လုပ်ငန်း ၇၀၀ ပေ၊ (၂)သီပေါမြို့နယ်၊ နောင်အန်းကျေးရွာအုပ်စု၊ ခိုလုံကျေးရွာ ၄၀၀ ဗို့ဓာတ်အားလိုင်း ၀.၆ မိုင်အား AAC 95 mm2 ဖြင့် တိုးချဲ့တည်ဆောက်ခြင်း ကျပ် ၂၇.၃၀၀ သန်း၊ အပေါ်ကခြံစည်းရိုး ပေ (၇၀၀) ကာခြင်းအတွက် ကျပ် ၁၈.၂၀၀ သန်း၊ (၃) နမ့်ဆန်မြို့၊ ကွယ်ဟယ်အုပ်စု၊ နားဟိုင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၀.၄၁၃ မိုင်အား AAC 95 mm2 ဖြင့် တိုးချဲ့တည်ဆောက်ခြင်း ကျပ် ၁၈.၈၀၀ သန်း ပြောင်းလဲလိုက်တဲ့ လုပ်ငန်း (၃)ခုရဲ့ စုစုပေါင်းတန်ဖိုးကတော့ ကျပ် ၆၄.၃၀၀ သန်း ဖြစ်ပါတယ်။

(ကျပ်သန်း)

| စဉ် | မူလလုပ်ငန်း | မူလ လျာထားငွေ | ပြောင်းလဲသည့်လုပ်ငန်း | ပြောင်းလဲ လျာထားငွေ |
|---|---|---|---|---|
| ၁ | မဘိမ်းမြို့၊ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအား ခြံစည်းရိုး ကာရံခြင်း ၁၇၀၀ ပေ၊ | ၄၉.၈၀၀ | မဘိမ်းမြို့၊ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်း အား ခြံစည်းရိုးကာရံခြင်း ၇၀၀ ပေ၊ | ၁၈.၂၀၀ |
| ၂ | မဘိမ်းမြို့၊ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် အသစ်တည်ဆောက်မည့် ၃၃/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံဝင်းအတွင်း ၂" Ø အဝီစိတွင်းတူးခြင်း Ground Tank တည် ဆောက်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် Pumb House တည်ဆောက်ခြင်း၊ | ၁၄.၅၀၀ | သီပေါမြို့နယ်၊ နောင်အန်းကျေးရွာ အုပ်စု၊ ခိုလုံကျေးရွာတွင် ၄၀၀ ဗို့အား လိုင်း ၀.၆ မိုင် အား AAC 95 mm2 ဖြင့် တိုးချဲ့တည်ဆောက်ခြင်း၊ | ၂၇.၃၀၀ |
| | | | နမ့်ဆန်မြို့၊ ညကွယ်ဟယ်အုပ်စု၊ နားဟိုင်းကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်၄၀၀ဗို့ဓာတ်အားလိုင်း ၀.၄၁၃ မိုင်အား AAC 95 mm2 ဖြင့် တိုးချဲ့တည်ဆောက်ခြင်း၊ | ၁၈.၈၀၀ |
| | စုစုပေါင်း | ၆၄.၃၀၀ | | ၆၄.၃၀၀ |

(ဂ) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မူလလုပ်ငန်းရပ်(၄)ခု အတွက် လျာထားငွေကျပ် ၂၃၄.၈၇၅ သန်း အား လုပ်ငန်းရပ် (၅)ခုအတွက် ပြောင်းလဲပြင်ဆင်လျာထားခဲ့ပါတယ်။

ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေမှ ပြောင်းလဲ ဆောင်ရွက်လိုသည့် လုပ်ငန်းစာရင်းကို ကျွန်တော်တင်ပြပါမယ်။ မူလလုပ်ငန်းကတော့ (၁) ဆီဆိုင်မြို့နယ်၊ မကောက်(န)-သပြေကုန်းလမ်း မြေသားလမ်းဖောက်လုပ်ခြင်း (၁/၀)မိုင်၊ တန်ဖိုးအားဖြင့် ကျပ် ၃၀.၀၀၀ သန်း ဖြစ်ပါတယ်။ (၂) လားရှိုးမြို့နယ်၊ ခါးသျှိ-နမ့်အွန် ဘုန်းကြီးကျောင်းအဝင်လမ်း ၀/၀ မိုင် မှ ၁/၇ မိုင်ထိ (၁/၇)မိုင်အား ၃၄ ပေ အကျယ်

မြေသားချဲ့၍ ၁၈ ပေ အကျယ် ဖြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၁/၇) မိုင်၊ တန်ဖိုးအားဖြင့် ကျပ် ၆၁.၈၇၅ သန်း ဖြစ်ပါတယ်။ (၃) လားရှိုးမြို့နယ်၊ နားဟွယ်အဝင်လမ်း ၀/၀ မှ ၂/၀ မိုင်ထိ (၂/၀)မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ်ဖြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၂/၀) မိုင် တန်ဖိုးအားဖြင့် ကျပ် ၆၀.၀၀၀ သန်းဖြစ်ပါတယ်။ (၄) သီပေါမြို့နယ်၊ ကုန်းသာ-မိုင်းလင်းလမ်း ကျောက်ခင်းခြင်း၊ (၁/၀)မိုင် တန်ဖိုးအားဖြင့် ကျပ် ၈၃.၀၀၀ သန်း၊ စုစုပေါင်း ကျပ် ၂၃၄.၈၇၅ သန်း ဖြစ်ပါတယ်။

ပြောင်းလဲလိုက်တဲ့လုပ်ငန်းတွေကတော့ (၁) ရွာငံ - ကျောက်ပုံ - ထမင်းပေါင်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်း (၁/၆.၁၈)မိုင် တန်ဖိုးအားဖြင့် ကျပ် ၅၆.၂၅၀ သန်းဖြစ်ပါတယ်။ (၂) လားရှိုးမြို့နယ်၊ ခါးသျှိ - နမ့်အွန် ဘုန်းကြီးကျောင်း အဝင်လမ်း ၀/၀ မှ ၁/၀ မိုင်ထိ (၁/၀)မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ် ဖြုံး ၃ လက်မ ထုခင်းကြိတ်ခြင်း၊ (၁/၀) မိုင် တန်ဖိုးအားဖြင့် ကျပ်၃၀.၀၀၀ သန်း ဖြစ်ပါတယ်။ (၃) လားရှိုးမြို့နယ်၊ နားဟွယ်အဝင်လမ်း ၀/၀ မှ ၁/၁ မိုင်ထိ (၁/၁) မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ် ဖြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၁/၁) မိုင် တန်ဖိုးအားဖြင့် ကျပ် ၃၃.၇၅၀ သန်း ဖြစ်ပါတယ်။ (၄) သီပေါမြို့နယ်၊ မိုးတေ(ရွာသစ်) - ပန်မန်လမ်း မြေသားလမ်းဖောက်လုပ်ခြင်း၊ (၂/၀)မိုင် ကျပ် ၆၀.၀၀၀ သန်း၊ သီပေါမြို့နယ်၊ ဆောင်ကြဲ - စယ်ခန်လမ်း မြေသားလမ်းဖောက်လုပ်ခြင်း၊ (၁/၆.၆)မိုင်၊ ကျပ် ၅၄.၈၇၅ သန်း၊ စုစုပေါင်း ပြောင်းလဲလိုက်တဲ့ လုပ်ငန်းတန်ဖိုးကတော့ ကျပ် ၂၃၄.၈၇၅ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(ကျပ်သန်း)

| စဉ် | မူလလုပ်ငန်း | မူလ လျာထားငွေ | ပြောင်းလဲသည့်လုပ်ငန်း | ပြောင်းလဲ လျာထားငွေ |
|---|---|---|---|---|
| ၁ | ဆီဆိုင်မြို့နယ်၊ မကောက်(န)-သပြေကုန်းလမ်း မြေသားလမ်း ဖောက်လုပ်ခြင်း (၁/၀)မိုင် | ၃၀.၀၀၀ | ရွာငံ- ကျောက်ပုံ- ထမင်းပေါင်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်း(၁/ ၆.၁၈)မိုင် | ၅၆.၂၅၀ |
| ၂ | လားရှိုးမြို့နယ်၊ ခါးသျှိ-နမ့်အွန် ဘုန်းကြီးကျောင်းအဝင်လမ်း ၀/၀ မှ ၁/၇ မိုင် ထိ (၁/၇)မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ် ဖြုံး ၃ လက်မထု ခင်းကြိတ်ခြင်း၊ (၁/၇) မိုင် | ၆၁.၈၇၅ | လားရှိုးမြို့နယ်၊ခါးသျှိ-နမ့်အွန်ဘုန်းကြီးကျောင်းအဝင်လမ်း ၀/၀ မှ ၁/၀ မိုင်ထိ (၁/၀)မိုင်အား ၃၄ ပေအကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ် ဖြုံး ၃ လက်မထု ခင်းကြိတ်ခြင်း။ (၁/၀) မိုင် | ၃၀.၀၀၀ |
| ၃ | လားရှိုးမြို့နယ်၊ နားဟွယ်အဝင်လမ်း ၀/၀ မှ ၂/၀ မိုင်ထိ (၂/၀)မိုင်အား ၃၄ ပေ အကျယ် မြေသားချဲ့၍ ၁၈ ပေ အကျယ်ဖြုံး ၃ လက်မထု ခင်းကြိတ်ခြင်း။ (၂/၀) မိုင် | ၆၀.၀၀၀ | လားရှိုးမြို့နယ်၊ နားဟွယ်အဝင်လမ်း ၀/၀ မှ ၁/၁ မိုင်ထိ (၁/၁) မိုင်အား ၃၄ ပေ အကျယ်မြေသားချဲ့၍ ၁၈ ပေ အကျယ် ဖြုံး ၃ လက်မထု ခင်းကြိတ်ခြင်း။ (၁/၁) မိုင် | ၃၃.၇၅၀ |
| ၄ | သီပေါမြို့နယ်၊ ကုန်းသာ-မိုင်းလင်းလမ်း ကျောက်ခင်းခြင်း၊ (၁/၀)မိုင် | ၈၃.၀၀၀ | သီပေါမြို့နယ်၊ မိုးတေ (ရွာသစ်) - ပန်မန်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်း၊ (၂/၀)မိုင် | ၆၀.၀၀၀ |
| | စုစုပေါင်း | ၂၃၄.၈၇၅ | | ၂၃၄.၈၇၅ |

(ဃ) စည်ပင်သာယာရေးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မူလကမြို့နယ်(၂)ခု၏ လုပ်ငန်းပမာဏ(၅)ခု အတွက် လျာထားငွေ ကျပ် ၃၂၇.၇၈၀ သန်းအား ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) စုစုပေါင်း (၇)မြို့နယ်၏ လုပ်ငန်းပမာဏ(၈)ခုအတွက် လုပ်ငန်းများပြောင်းလဲဆောင်ရွက်ရန် လျာထား ဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်လုပ်ငန်းများ၊ စည်ပင်သာယာရေးဌာနရဲ့လုပ်ငန်းများ လျာထားချက်ပြောင်းလဲမှုအခြေအနေကို ဆက်လက်ပြီး တင်ပြသွားမှာ ဖြစ်ပါ တယ်။

မူလလုပ်ငန်းကတော့ (၁) တောင်ကြီးမြို့၊ ဗိုလ်ချုပ်လမ်းနှင့် အရှေ့မြို့ပတ်လမ်း ဆက်သွယ်သော လမ်းခင်းခြင်း လုပ်ငန်း တန်ဖိုးအားဖြင့် ကျပ် ၁၄.၉၀၀ သန်း ဖြစ်ပါတယ်။ အဲ့ဒီလမ်းကို ကတ္တရာဖိုးမပါ (တောင်ကြီးဟိုတယ်ဘေး) မြေမှကတ္တရာသို့ ခင်းခြင်းပဲဖြစ်ပါတယ်။ (၂) ကလောမြို့၊ အောင်ပန်းခန်းမတည်ဆောက်ခြင်း၊ (အပိုင်း-၂) တန်ဖိုးအားဖြင့် ကျပ် ၁၄၄.၇၀၀ သန်း၊ (၃) ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ဗထူးလမ်း AC ခင်းခြင်း၊ တန်ဖိုးအားဖြင့် ကျပ် ၅၆.၁၈၀ သန်း၊ (၄) ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အမှိုက်ကျင်းသွားလမ်း (ဗျိုက်တောင် အတက်/ အဆင်းလမ်း) မြေသားလမ်း တိုးချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ တန်ဖိုးအားဖြင့် ကျပ် ၁၁၂.၀၀၀ သန်း ဖြစ်ပါတယ်။ ဒါကတော့ မူလလျာထားတဲ့လုပ်ငန်း ဖြစ်ပါတယ်။ မူလလျာထားတဲ့လုပ်ငန်းရဲ့ စုစုပေါင်းတန်ဖိုးကတော့ ကျပ် ၃၂၇.၇၈၀ သန်း ဖြစ်ပါတယ်။

အဲ့ဒီမူလလျာထားတဲ့လုပ်ငန်းကနေပြီးတော့ ပြောင်းလဲဆောင်ရွက်လိုက်တဲ့ လုပ်ငန်းတွေကိုတင်ပြပါမယ်။ (၁) ပင်လုံမြို့၊ ဘော်ဒါလမ်းမြေမှ ကတ္တရာခင်းခြင်း၊ တန်ဖိုးအားဖြင့် ကျပ် ၉.၉၇၀ သန်း ဖြစ်ပါတယ်။ (၂) လဲချားမြို့၊ (၂)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ တန်ဖိုးအားဖြင့် ကျပ် ၄၂.၂၀၀ သန်း၊ (၃) ဖယ်ခုံမြို့၊ (၂)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း၊ ကျပ် ၁၄.၅၀၀ သန်း၊ (၄) ကျောက်မဲမြို့၊ ပင်လုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျပ် ၁၀၅.၃၁၀ သန်း၊ (၅) မိုင်းဆတ်မြို့၊ ဦးအောင်မြတ်လမ်း သို့မဟုတ် ဈေးပတ်လမ်းမြေသားလမ်းဖောက်လုပ်ခြင်း၊ ကျပ် ၄၀.၀၀၀ သန်း၊ (၆) မိုင်းတုံမြို့၊ မြို့မရပ်ကွက်၊ အမှတ်(၁)လမ်း ကွန်ကရစ်ခင်းခြင်း (၄၀၀'x၁၂'x၆") တန်ဖိုးအားဖြင့် ကျပ် ၁၁.၂၀၀ သန်း ဖြစ်ပါတယ်။ (၇) မိုင်းယန်းမြို့၊ မြို့ရှောင်လမ်းကျောက်ချောခင်းခြင်း၊ တန်ဖိုးအားဖြင့် ကျပ် ၁၆.၆၀၀ သန်း၊ (၈) မိုင်းခတ်မြို့၊ (၂)ခန်းတွဲ (၂)ထပ်ရုံးနှင့် ဝန်ထမ်းအိမ်ရာတွဲလျက် တည်ဆောက်ခြင်း၊ တန်ဖိုးအားဖြင့် ကျပ် ၈၈.၀၀၀ သန်း ဖြစ်ပါတယ်။ မူလလျာထားတဲ့လုပ်ငန်းရဲ့ တန်ဖိုးကလည်း ကျပ် ၃၂၇.၇၈၀ သန်း ဖြစ်ပြီးတော့မှ ပြောင်းလဲဆောင်ရွက်လိုက်တဲ့ လုပ်ငန်းရဲ့တန်ဖိုးကလည်းပဲ ကျပ် ၃၂၇.၇၈၀ သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(ကျပ်သန်း)

| စဉ် | မူလလုပ်ငန်း | မူလ လျာထားငွေ | ပြောင်းလဲသည့်လုပ်ငန်း | ပြောင်းလဲ လျာထားငွေ |
|---|---|---|---|---|
| ၁ | တောင်ကြီးမြို့၊ ဗိုလ်ချုပ်လမ်းနှင့် အရှေ့ မြို့ပတ်လမ်းဆက်သွယ်သော လမ်းခင်းခြင်း လုပ်ငန်း (ကတ္တရာဖိုးမပါ) (တောင်ကြီး ဟိုတယ်ဘေး) (မြေမှ ကတ္တရာ) | ၁၄.၉၀၀ | ပင်လုံမြို့၊ ဘော်ဒါလမ်းမြေမှ ကတ္တရာ ခင်းခြင်း၊ | ၉.၉၇၀ |

| စဉ် | မူလလုပ်ငန်း | မူလ လျာထားငွေ | ပြောင်းလဲသည့်လုပ်ငန်း | ပြောင်းလဲ လျာထားငွေ |
|---|---|---|---|---|
| ၂ | ကလောမြို့ အောင်ပန်းခန်းမ တည်ဆောက်ခြင်း၊ (အပိုင်း-၂) | ၁၄၄.၇၀၀ | လဲချားမြို့ (၂) ခန်းတွဲ၊ (၂)ထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ | ၄၂.၂၀၀ |
| ၃ | ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ဗထူးလမ်း AC ခင်းခြင်း၊ | ၅၆.၁၈၀ | ဖယ်ခုံမြို့၊ (၂)ခန်းတွဲ၊ (၂)ထပ် ဝန်ထမ်းအိမ်ရာတည်ဆောက် ခြင်း၊ | ၁၄.၅၀၀ |
| ၄ | ကလောမြို့နယ်၊ အောင်ပန်းမြို့ အမှိုက်ကျင်းသွားလမ်း (ဖျိုက်တောင် အတက်/အဆင်းလမ်း) မြေသားလမ်း တိုးချဲ့ခြင်းနှင့် ကျောက်ချောလမ်း ခင်းခြင်း လုပ်ငန်း၊ | ၁၁၂.၀၀၀ | ကျောက်မဲမြို့၊ ပင်လုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ | ၁၀၅.၃၁၀ |
| ၅ | | | မိုင်းဆတ်မြို့၊ ဦးအောင်မြတ်လမ်း (သို့) ဈေးပတ်လမ်း မြေသားလမ်းဖောက်လုပ်ခြင်း၊ | ၄၀.၀၀ |
| ၆ | | | မိုင်းတုံမြို့၊ မြို့မရပ်ကွက်၊ အမှတ်(၁) လမ်း ကွန်ကရစ် ခင်းခြင်း (၄၀၀' x ၁၂ ' x ၆ ") | ၁၁.၂၀၀ |
| ၇ | | | မိုင်းယန်းမြို့၊မြို့ရှောင်လမ်း ကျောက်ချောခင်းခြင်း၊ | ၁၆.၆၀၀ |
| ၈ | | | မိုင်းခတ်မြို့၊ (၂)ခန်းတွဲ (၂)ထပ်ရုံးနှင့် ဝန်ထမ်းအိမ်ရာတွဲလျက် တည်ဆောက်ခြင်း၊ | ၈၈.၀၀၀ |
| | စုစုပေါင်း | ၃၂၇.၇၈၀ | | ၃၂၇.၇၈၀ |

## သုံးသပ်ချက်

၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါတယ်-

(က) ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ဌာနဆိုင်ရာများနှင့် ကြားနာပွဲကို (၁၆.၆.၂၀၂၀)ရက်နေ့မှ (၁၈.၆.၂၀၂၀) ရက်နေ့အထိ (၃)ရက်တာ ကျင်းပပြုလုပ်ခြင်းကြောင့် အသုံးစရိတ်များ လျာထားငွေများကို အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများတွင် အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်သူလူထုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါတယ်။

( ခ) ကြားနာပွဲပြုလုပ်ခြင်းကြောင့် ဌာန/ အဖွဲ့အစည်းများအနေဖြင့် နောင်ဘဏ္ဍာရေးနှစ်များတွင် တိကျ

မှန်ကန်၍ ပြီးပြည့်စုံသည့် လုပ်ငန်းစာရင်းများ ဖြစ်ပေါ်စေပါတယ်။

(ဂ) ကော်မတီနှစ်ရပ် ကြိုတင်စိစစ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း၊ လွှတ်တော်နှင့် အစိုးရသဘောထားကွဲလွဲမှုများ လျော့နည်းနိုင်သမျှ လျော့နည်းသွားနိုင်မှာ ဖြစ်ပါတယ်။

(ဃ) လွဲမှားနေသော လုပ်ထုံးလုပ်နည်းများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တည့်မတ်စွာ ထိန်းကျောင်းပေးနိုင်မှာ ဖြစ်ပါတယ်။

အကြံပြုချက်

ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ် –

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်သင့်ရာ မြို့နယ်များအား ရန်ပုံငွေချပေးနိုင်စေရန် ဌာနဆိုင်ရာများအား တိုက်ရိုက်ညွှန်ကြားခြင်းမျိုး ပြုလုပ်ခြင်းမျိုး ရှောင်ရှားသင့်ပါတယ်။

(ခ) ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇ အရ ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသည့် ဥပဒေကြမ်းကို လွှတ်တော်တွင် လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရ ဘတ်ဂျက် ဟူသမျှသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏သဘောတူ ဆုံးဖြတ်ချက်ဖြင့်သာ သုံးစွဲရမည်ဆိုသည့်မူကို သတိပြုသင့်ပါတယ်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုဘတ်ဂျက်တွင် တောင်းဆိုပိုင်ခွင့်ရှိသည့် အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်များအား ပြည်နယ်ဘတ်ဂျက်တွင် ထည့်သွင်းလျာထားခြင်းမပြုသင့်ပါ။ အကယ်၍ပြည်နယ်ရန်ပုံငွေဖြင့်သာ ဆောင်ရွက်ရသည့်လုပ်ငန်း များဖြစ်ပါက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ညှိနှိုင်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များမှတစ်ဆင့် တောင်းဆိုခြင်းသည်သာ ဖြစ်သင့်ပါတယ်။

(ဃ) ဌာနဆိုင်ရာများအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်တွင် လျာထားတင်ပြ ဆောင်ရွက်လျက်ရှိသည့် ဆက်စပ်လုပ်ငန်းများအား ပြည်နယ်ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲတင်ပြခြင်းမျိုးကို သတိမူသင့် ပါတယ်။

(င) "ဒေသတင်ပြချက်နှင့် ပြည်သူများ၏တင်ပြချက်အရ" **(Budget)** ထည့်သွင်းပေးခြင်းမှာလည်း မဖြစ်သင့် ကြောင်းနှင့် ပြည်သူများ၏ လိုအပ်ချက်မှန်သမျှကို လွှတ်တော်ကိုယ်စားလှယ်အား အသိပေးပြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် တင်ပြခြင်းသည်သာလျှင် လွန်စွာသင့်မြတ် ဖြစ်သင့်လှပါ တယ်။

(စ) ဌာန/ အဖွဲ့အစည်းများအနေဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ခွဲဝေလျာထားရာတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ကတိကဝတ်များ၊ တင်ပြချက်များကို ပထမဦးစားပေး ထည့်သွင်းရန်နှင့် မဖြစ်မနေသုံးစွဲရမည့် လုပ်ငန်းများကိုသာ ဒုတိယဦးစားပေး လျာထားရန် အကြံပြုပါတယ်။

(ဆ) ရန်ပုံငွေခွဲဝေလျာထားရာတွင် ရှမ်းပြည်နယ်တစ်ခုလုံးအား လွှမ်းခြုံ၍ အချိုးညီမျှစွာ မျှမျှတတခွဲဝေ ဆောင်ရွက်သင့်ပါတယ်။

(ဇ) စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲပုပ်မျိုးသန့်ထုတ်လုပ်ခြင်း၊ GAP စနစ် လိုက်နာကျင့်သုံးရန် စည်းရုံး

ထောက်ပံ့ခြင်းနှင့် ပိုးမွှားကင်းထောက်ခြင်း စသည့်လုပ်ငန်းများ မြို့နယ်၊ မြို့၊ ကျေးရွာအသီးသီးအတွက် လုပ်ငန်း ဆောင်ရွက်မည့်စီမံချက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးဆောင်ရွက်သွားရန် အကြံပြုအပ်ပါတယ်။

(စ) ဟိုမိန်းမြို့သည် ငြိမ်းချမ်းရေးရယူထားသည့် ဒေသဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်သာ ကျခံသုံးစွဲသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

(ည) လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်လွန်ကတ္တရာ(AC) လမ်းခင်းခြင်းလုပ်ငန်းများအစား ဖွံ့ဖြိုးမှုနည်းပါးသည့် ကျေးလက်ဒေသများတွင် လိုအပ်လျက်ရှိသော ကုန်ထုတ်လမ်းများ၊ မြေသားလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျောက်ခင်းလမ်းများကိုသာ ဦးစားပေးဖောက်လုပ်ပေးသင့်ကြောင်း အကြံပြုပါတယ်။

(ဋ) လမ်းလုပ်ငန်းများဆောင်ရွက်ရန် အသုံးစရိတ်များ တင်ပြခြင်းမပြုမီ လမ်းအသုံးပြုသူများအန္တရာယ်ကင်းရှင်းရေး၊ အတက်အဆင်းပြေပြစ်ချောမွေ့ရေး၊ လမ်းအရှည်လျော့နည်းရေး စသည့်အချက်များကို ကွင်းဆင်းစစ်ဆေးပြီးမှသာ အသုံးစရိတ်များကို လျာထားသင့်ပါတယ်။

(ဌ) လမ်းဖောက်လုပ်ရန်အတွက် အသုံးစရိတ်များ လျာထားတင်ပြရာတွင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် Box Culvert၊ Retaining Wall များနှင့် လမ်းဘေးရေနုတ်မြောင်း Side Drain များအတွက်ပါ ထည့်သွင်း လျာထား တင်ပြသင့်ပါတယ်။

(ဍ) ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် နှစ်စဉ် မိုးရာသီစိုက်ပျိုးပွဲတော်များတွင် စိုက်ပျိုးခဲ့သည့်အပင်များအား ရှင်သန်ဖြစ်ထွန်းမှု မှတ်တမ်းများထားရှိခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်စေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်သင့်ပါတယ်။

(ဎ) ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ ဆောက်လုပ်ရာတွင် ရုံးအဆောက်အဦများ ဆောက်လုပ်ပြီးမှသာ မြေနေရာအတွက် တောင်သူပိုင်မြေများအား မြေယာလျော်ကြေးပေးချေရန် တောင်းခံခြင်းမျိုး မပြုလုပ်သင့်ပါကြောင်း အကြံပြုပါတယ်။

(ဏ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အသုံးစရိတ်များ ခွဲဝေလျာထားရာတွင် တစ်ပြေးညီ ညီတူမျှတူ လျာထားပေးသင့်ပါတယ်။

(တ) မြို့နယ်/ ခရိုင် စီမံကိန်းရေးဆွဲရာတွင်ပါဝင်ပြီး ပြည်နယ်အဆင့်စီမံကိန်း ရေးဆွဲရာတွင် ပါဝင်ခြင်း မရှိသည့် လုပ်ငန်းများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားသင့်ပါတယ်။

တင်ပြချက်

ဥပဒေကြမ်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဗဟိုအဖွဲ့အစည်း(၃)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၄)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေးဌာန (၁)ခုတို့၏ သာမန်သုံးငွေ ကျပ် ၂,၆၄၃.၈၈၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၈,၆၁၉.၈၅၉ သန်း၊ စုစုပေါင်း ကျပ် ၁၁,၂၆၃.၇၃၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို စိစစ်တွေ့ရှိရပါသဖြင့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)တို့အား ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်တွေ့ရှိချက်၊ ပြင်ဆင်ချက်များအတိုင်း ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က အောက်ပါအတိုင်း ဆွေးနွေးရှင်းလင်းခဲ့ပါသည် –

၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် (၂၂.၆.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်တွင် ယခုဆွေးနွေးဆုံးဖြတ်ပြင်ဆင်ထားသည့်အတိုင်း ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

“ ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံ မြှင့်တင်ပေး ”

"Strengthen Voice for Democracy"

# ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေတင်ပြသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)ကို ကြွရောက်ချီးမြှင့်ပေးကြပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အပါအဝင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တရားလွှတ်တော်ရဲ့ ၂၀၁၉ ခုနှစ်၊ နှစ်စဉ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တရားဥပဒေရဲ့ကျင့်စဉ်အရ ပြက္ခဒိန်နှစ်အရပဲ နှစ်စဉ်အစီရင်ခံစာ တင်သွင်းလေ့ရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်တာမဟုတ်တဲ့အတွက် နှစ်စဉ်အလိုက် တင်သွင်းခြင်းဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်ရဲ့ နှစ်စဉ်အစီရင်ခံစာကို ခေါင်းစဉ်ငယ် (၃၇)ခုနဲ့ ခွဲခြားပြီး တင်ပြထားပါတယ်။ သို့သော်လည်းပဲ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးကို တက်ရောက်ချီးမြှင့်ကြပါသော လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ တန်ဖိုးရှိတဲ့အချိန်ကို ငဲ့ညှာသောအားဖြင့် အကျဉ်းချုပ်အစီရင်ခံ တင်ပြသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၂ အရ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တရားရုံးတွေကို ကြီးကြပ်ကွပ်ကဲရတဲ့ တာဝန်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ရှမ်းပြည်နယ်တရားလွှတ်တော်ရုံး(၁)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး (၁)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး(၃)ရုံး၊ ခရိုင်တရားရုံး (၁၀)ရုံးနှင့် မြို့နယ်တရားရုံး(၅၀)ရုံး၊ စုစုပေါင်း တရားရုံး (၆၅)ရုံးနဲ့

ဖွဲ့စည်းတည်ထောင်ထားပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံးဟာ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်မှ ဖွင့်လှစ်တာဖြစ်တဲ့အတွက် ဒီနှစ် ၂၀၁၉ ခုနှစ် အစီရင်ခံစာထဲမှာ အဲ့ဒီတိုင်းတရားရုံးရဲ့ဆောင်ရွက်ချက်ဟာ ပါဝင်သေးခြင်းမရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံမှာ ရှမ်းပြည်နယ်တရားလွှတ်တော်ရဲ့ ၂၀၁၉ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာကို ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒါကြောင့်မလို့လည်း အကျဉ်းချုပ် တင်ပြမှာဖြစ်ပါတယ်။ အဲဒီမှာလည်း စာမျက်နှာ(၆)မှာ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်တရားရုံးအောက်က မြို့နယ်တရားရုံး (၃)ရုံးကို ဖော်ပြတဲ့နေရာမှာ မိုင်းယောင်းမြို့နယ် တရားရုံးအစား တာချီလိတ်မြို့နယ်ရုံးလို့ မှားယွင်းဖော်ပြထားတာကို ကျွန်တော်ပြင်ဆင်လိုပါတယ်။ ဒီလိုမှားယွင်းတဲ့အတွက်လည်း တောင်းပန်ပါတယ်။ ကျန်တာကတော့ ဒီမှာပါရှိတဲ့အတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

တရားစီရင်ရေးအခြေအနေကို တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ်တရားလွှတ်တော်ဟာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ရာဇဝတ်မှု၊ တရားမမှု စုစုပေါင်း (၂၆၄)မှုရှိပြီးတော့ စစ်ဆေးပြီးပြတ်တဲ့အခြေအနေဟာ နောက်ဆုံး ၂၀၁၉ ခုနှစ် လက်ကျန်ဟာ (၃၄၇)မှု ဖြစ်တဲ့အတွက် ပြီးပြတ်မှုအားဖြင့် လျော့နည်းပြီး၊ တက်ရောက်တဲ့အမှုတွေထက် လျော့နည်းတဲ့အတွက် အမှုလက်ကျန် ပိုမိုများပြားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၃)ရုံးနဲ့ ခရိုင်တရားရုံး(၁၀)ရုံးတို့ရဲ့ တရားစီရင်ရေး အခြေအနေကတော့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ (၁၅၅၈)မှုရှိပြီးတော့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ (၁၄၁၈)မှု ရှိတဲ့အတွက် ခရိုင်တရားရုံးတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတွေ အမှုပြီးပြတ်မှုရာခိုင်နှုန်း ပိုမိုပြီးပြတ်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

မြို့နယ်တရားရုံး(၅၀)ရုံးရဲ့ တရားစီရင်ရေးအခြေအနေမှာတော့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ရာဇဝတ်၊ တရားမ စုစုပေါင်း (၂၁၈၀)ရှိပြီးတော့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာတော့ (၂၄၁၅)မှုဖြစ်တဲ့အတွက် အမှုလက်ကျန် ပိုမိုများပြားလာပြီး တက်ရောက်လာတဲ့အမှုတွဲ စစ်ဆေးပြီးပြတ်မှုနည်းတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ လက်အောက်ခံတရားရုံးတွေက စစ်ဆေးနေတဲ့မှုခင်းတွေမှာ ကြီးကြပ်မှု ပေးတဲ့ပြင်ဆင်မှုဖွင့်လှစ်တဲ့အမှုတွေ၊ အယူခံအပြင်အဆင်တွေကို အောက်ရုံးအမိန့်နဲ့ အတည်ပြုနိုင်မှု၊ ပယ်ဖျက် နိုင်မှုအခြေအနေကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်အတွင်း လက်အောက်ခံတရားရုံးများမှ ချမှတ်တဲ့အမှုများနှင့်စပ်လျဉ်းပြီး အမှု (၉၃)မှု ခေါ်ယူကြည့်ရှုခဲ့ပြီး မှတ်ချက်နဲ့ပြန်ပို့တာ (၄၁)မှု၊ မှတ်ချက်မရှိပြန်ပို့တာ (၄၄)မှု၊ ခရိုင်တရားရုံးများကို ပြင်ဆင်မှု ဖွင့်လှစ်ရန် ညွှန်ကြားတဲ့အမှုက (၅)မှု၊ ရှမ်းပြည်နယ်တရားလွှတ်တော်မှာ ပြင်ဆင်မှု(က) ဖွင့်လှစ်တဲ့အမှုက (၃)မှုဖြစ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်ကို တင်သွင်းလာတဲ့ အယူခံမှု (၄၈၇)မှုမှာ အောက်ရုံးအမိန့်ကို အတည်ပြုတာ (၃၁၄)မှု၊ ပြင်ဆင်ပယ်ဖျက်တဲ့အမှုဟာ (၁၇၃)မှု ရှိပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်ကို တက်ရောက်တဲ့ ပြင်ဆင်မှု (၁၇၄)မှုအနက် အောက်ရုံးအမိန့်ကို (၁၂၂)မှု အတည်ပြုပြီး၊ (၅၂)မှု ပြင်ဆင်ပယ်ဖျက်ခဲ့ကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့ကစပြီးတော့ တောင်ကြီးခရိုင်တရားရုံးနဲ့ တောင်ကြီးမြို့နယ်တရားရုံးတွေကို (NCMP) National Case Menument Programme နဲ့ အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်တဲ့ကာလအတွင်း အမှုပြီးစေဖို့ ဒီစနစ်နဲ့စတင်ပြီး စစ်ဆေးစီရင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း (၁.၈.၂၀၁၈) ရက်နေ့မှာပဲ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာရှိတဲ့ တောင်ကြီးခရိုင်တရားရုံးနဲ့ တောင်ကြီးမြို့နယ်တရားရုံးတွေမှာ NCMP စနစ်နဲ့ စစ်ဆေးတဲ့နေရာမှာ တောင်ကြီးခရိုင်တရားရုံးက ယခင်အစီအစဉ်မစမီ စမ်းသပ်တဲ့ကာလမှာ ရရှိတဲ့ရလဒ်ထက် ပိုမိုကောင်းမွန်တဲ့ရလဒ်

ရရှိသော်လည်း စံသတ်မှတ်တဲ့ရာခိုင်နှုန်း မမီသေးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်တရားရုံးဟာလည်း အစီအစဉ်မစမီကာလမှာ ရရှိခဲ့တဲ့ရလဒ်ထက် ရာဇဝတ်မှုစစ်ဆေး ပြီးပြတ်မှုနှုန်း လျော့ကျခဲ့ပြီး၊ တရားမမှု စစ်ဆေးပြီးပြတ်မှုနှုန်း မြင့်လာပါတယ်။ ဒါပေမဲ့ ဒီရုံး (၂)ရုံးဟာ စံသတ်မှတ်တဲ့နှုန်းကို မမီသေးကြောင်းတွေ့ရှိရတယ်လို့ တင်ပြအစီရင်ခံအပ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ CMP ရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေရှိခဲ့ပါတယ်။ ဒီလို CMP စနစ်နဲ့ စစ်ဆေးတဲ့အခါမှာ ၂၀၁၈ ခုနှစ်ပြီးတော့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်းမှာပဲ ဒီအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခြေအနေအပေါ် ပြန်လည်သုံးသပ်တဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ နောက်ထပ် CMP စနစ်နဲ့ စစ်ဆေးမဲ့ရုံးတွေကို ကြိုတင်ပြီးတော့ သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းနိုင်ဖို့အတွက် လားရှိုးမြို့မှာ Golden Hill Hotel မှာ လည်းကောင်း၊ တာချီလိတ်မြို့မှာ One G One Hotel မှာလည်းကောင်း၊ ဟိုပုံးမြို့မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမမှာလည်းကောင်း၊ လွိုင်လင်မြို့မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာလည်းကောင်း ကျင်းပပြုလုပ်ပြီးတော့ ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်မှာ CMP စနစ်နဲ့ တိုးချဲ့စစ်ဆေးတဲ့ တရားရုံးတွေမရှိပေမဲ့ ၂၀၂၀ ပြည့်နှစ်မှာတော့ တာချီလိတ်ခရိုင်တရားရုံး၊ လွိုင်လင်ခရိုင်တရားရုံး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ လားရှိုးခရိုင် တရားရုံးစတဲ့ ခရိုင်တရားရုံးအဆင့် တရားရုံး (၄)ရုံးနဲ့ သူတို့ရဲ့ လက်အောက်ခံတရားရုံးတွေမှာ (၁.၇.၂၀၂၀)ရက်နေ့မှ စတင်ပြီး CMP စနစ်နဲ့ စစ်ဆေးစီရင်သွားရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တိုင်စာများပေးပို့တာနဲ့ပတ်သက်လို့ စိစစ်ဆောင်ရွက်ချက်များကို အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် လက်ခံရရှိတာက ရှမ်းပြည်နယ်တရားလွှတ်တော်ကို တိုင်ကြားလာတဲ့တိုင်စာ (၅၂) စောင်၊ ရှမ်းပြည်နယ် တရားလွှတ်တော်ကို မိတ္တူပေးပို့လာတဲ့ တိုင်စာ (၆၀)စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စိစစ်ဖို့ ပေးပို့တဲ့ တိုင်စာ (၂၆)စောင်၊ ပြည်ထောင်စုဥပဒေ အထောက်အကူပြုအဖွဲ့မှ စိစစ်ဖို့ပေးပို့တဲ့ တိုင်စာ(၂)စောင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကပေးပို့တဲ့ တိုင်စာ(၂)စောင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့က လွှဲအပ်ပေးပို့တဲ့တိုင်စာ (၄)စောင် စတဲ့တိုင်စာများကို လက်ခံရရှိပြီး အားလုံးစိစစ်ပြီး ပြန်လည်ပြန်ကြားပြီး ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ ၂၀၁၉ ခုနှစ်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ (၉.၁၀.၂၀၁၉)ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၅/၂၃)အရ မိမိရဲ့ဒေသအတွင်းမှာရှိတဲ့ အကျဉ်းထောင်တွေ၊ ရဲဘက်စခန်းတွေ၊ ရဲတပ်ဖွဲ့အချုပ်စခန်းတွေကို နယ်မြေသတ်မှတ်ပြီး (၃)လတစ်ကြိမ် လှည့်လည်စစ်ဆေးတဲ့နေရာမှာ အကျဉ်းထောင် (၆)ခု၊ ရဲဘက်စခန်း (၇)ခု၊ ရဲဘက်စခန်းခွဲ (၃)ခုနဲ့ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်နိုင်တဲ့ ရဲတပ်ဖွဲ့စခန်းပေါင်း (၁၃၂)ခု နဲ့ အကျဉ်းထောင် (၇)ကြိမ်၊ ရဲဘက်စခန်းကို (၂)ကြိမ်၊ မြို့မရဲစခန်းတွေ (၄၃)ကြိမ်၊ နယ်မြေ ရဲစခန်းကို (၂၁)ကြိမ် စစ်ဆေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်ကို နိုင်ငံတကာအဖွဲ့အစည်းများမှ ၂၀၁၉ ခုနှစ်အတွင်း လာရောက်တွေ့ဆုံ တဲ့နေရာမှာ International Development Law Organization (IDLO)က Senior. Programme Officer ဖြစ်သူ Mr. Alfred Hill ဦးဆောင်တဲ့အဖွဲ့နဲ့ (၁၀.၇.၂၀၁၉) ရက်နေ့မှာ ရှမ်းပြည်နယ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မဲ့ လိင်ပိုင်းဆိုင်ရာနှင့် ကျား/ မ အခြေပြု အကြမ်းဖက်မှုအား တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ကာကွယ်မှုမြှင့်တင်ခြင်း လုပ်ငန်းအစီအစဉ်တွေအကြောင်းကို လာရောက်ဆွေးနွေးတင်ပြတာကို လက်ခံတွေ့ဆုံခဲ့ခြင်း ရှိပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားတဲ့ ၂၀၁၈ – ၂၀၂၂ခုနှစ်

(၅)နှစ် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

အဲဒီမှာ ဝန်ထမ်းများအပေါ်တိုင်စာနှင့် စပ်လျဉ်းပြီး အရေးယူထားတာ (၃)မှုရှိကြောင်း တင်ပြအပ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက အငယ်တန်းစာရေးဟာ ခွင့်ပြုချက်မရှိဘဲ ရုံးပျက်ကွက်တဲ့အတွက် ဌာနဆိုင်ရာစစ်ဆေးခဲ့ပြီး ရာထူးမှထုတ်ပယ်ခဲ့ပါတယ်။ အကြီးတန်းစာရေး (လောက်ကိုင်)ကတော့ မြို့နယ်တရားသူကြီးရဲ့ လတ်မှတ်တုထိုးပြီး ကျမ်းကျိန်လွှာထုတ်ပေးခဲ့တဲ့အတွက် တစ်ဆင့်နိမ့်ရာထူးကို (၂)နှစ်လျှော့ချပြီး တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ မူဆယ်မြို့နယ်တရားရုံးက အကြီးတန်းစာရေးတစ်ယောက်ဟာ အမှုသည်တွေဆီက ငွေတောင်းခံတယ်လို့ ကျော်ဇောသတင်းရှိလို့ ဌာနဆိုင်ရာစစ်ဆေးပြီး တစ်ဆင့်နိမ့်ရာထူးနဲ့ တခြား(၂)နှစ်လျှော့ချပြီး အခြားရုံးသို့ ပြောင်းရွှေ့အရေးယူခဲ့မှု အခြေအနေတွေကို တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်အနေနဲ့ မိမိလက်အောက်ခံ တရားသူကြီးများနဲ့ တရားရုံးဝန်ထမ်းများအား လုပ်ငန်းဆောင်ရွက်မှုများအပေါ် မူတည်ပြီးတော့မှ ဂုဏ်ပြုချီးမြှင့်တာတွေလုပ်ခဲ့ပါတယ်။ သက်ဆိုင်ရာမိမိတရားရုံးတွေကို ပြည်သူများ ယုံကြည်ကိုးစားလာစေရေးအတွက် ဆောင်ရွက်နိုင်တဲ့ သီပေါမြို့နယ်တရားသူကြီးနဲ့ ကျေးသီးမြို့နယ်တရားသူကြီးကို ဆုချီးမြှင့်ခဲ့ပါတယ်။ ဒ့ါအပြင် ဌာနဆိုင်ရာစာမေးပွဲတွေမှာ ထူးချွန်စွာအောင်မြင်တဲ့ ဝန်ထမ်းတွေကိုလည်း ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်နဲ့ အောက်မှာရှိတဲ့ တရားရုံးဝန်ထမ်းသားသမီးတွေကိုလည်း နှစ်စဉ်ပညာသင်ကြေးများထောက်ပံ့လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရှမ်းပြည်နယ်တရားလွှတ်တော်ရဲ့ ၂၀၁၉ ခုနှစ်၊ တရားရုံးနှစ်စဉ် အစီရင်ခံစာကို တင်ပြအစီရင်ခံ တင်သွင်းအပ်ပါတယ်။

---

## ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန်တာဝန် ( Mission )

**ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းပြီးသော ဥပဒေများသည် ပြည်နယ်သူ/ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းရှိ/မရှိ၊ လက်တွေ့အကောင်အထည်ဖေါ်ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖေါ်ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။**

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ယခုအစည်းအဝေး အပါအဝင် လွှတ်တော်အစည်းအဝေးများကို အားတက်သရော တက်ရောက်ကြပြီး အစည်းအဝေးတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်အပေါင်း (၂၇)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း (၄၈)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ အဆိုတစ်ခုကို အတည်ပြုနိုင်ခဲ့ပြီး၊ အဆိုတစ်ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပဒေ(ကြမ်း)နှင့်စပ်လျဉ်းပြီး ဒီဇွန်လမှာ မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဤဥပဒေကြမ်းဟာ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၃၄၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ်(၁)အရ လွှတ်တော်သို့ပေးပို့၍ တင်သွင်းဆုံးဖြတ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ပုံမှန်ဥပဒေ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)၊ ဒေသန္တရစီမံကိန်းဆိုင်ရာဥပဒေ(မူကြမ်း)နှင့် အခွန်အကောက်ဆိုင်ရာဥပဒေ(မူကြမ်း)မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ အခြားဥပဒေ(မူကြမ်း) သို့မဟုတ် အများပြည်သူနှင့် သက်ဆိုင်သောဥပဒေ(မူကြမ်း)များကို ပြည်နယ်အစိုးရအဖွဲ့အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခွင့်ရှိပါတယ်။

ဒုတိယအကြိမ်သက်တမ်းမှာ ဒီကနေ့ထိ အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေ(မူကြမ်း) (၁၃)ခု တင်သွင်းအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဆွေးနွေးအတည်ပြုရန် ဥပဒေ(မူကြမ်း)တစ်ခု ကျန်ရှိပါသေးတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သော အများပြည်သူနှင့် သက်ဆိုင်သည့်ဥပဒေ စုစုပေါင်းမှာ (၁၂)ခုဖြစ်ကြောင်း

ဖော်ပြပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံ အတည်ပြုခဲ့ပေမယ့် ပြည်ထောင်စုမှ စိစစ်လျှော့ချခဲ့ရာ စုစုပေါင်းအသုံးစရိတ်မှာဆိုရင် ကျပ် ၁၁.၂၆၄ ဘီလီယံ ခွင့်ပြုတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီနှင့် ဥပဒေပြုရေး ဆိုင်ရာကော်မတီတို့က သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းအပါအဝင် သက်ဆိုင်ရာဌာနများနှင့် ကြားနာပွဲခေါ်ယူ၍ အကြိုညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ပွင့်လင်းမြင်သာမှုရှိအောင် အချို့လုပ်ငန်းများကို ပြောင်းလဲလျှာထားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီ(၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ၂၀၁၉ ခုနှစ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်နယ်တရားသူကြီးချုပ်ကတင်ပြ၍ လွှတ်တော်မှာမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သက်တမ်းရဲ့ နောက်ဆုံးနှစ်ဖြစ်သော ဒီ၂၀၂၀ ပြည့်နှစ်မှာဆိုရင် လွှတ်တော်အစည်းအဝေး (၃)ကြိမ် ကျင်းပပြီးစီးပြီ ဖြစ်ပါတယ်။ ၂၀၂၀ – ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ဩဂုတ်လနောက်ဆုံးပတ်မှာ လွှတ်တော်အစည်းအဝေးခေါ်ယူဖို့ မျှော်မှန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်မှာ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားစေ လိုပါတယ်။

(၁/၂၀၂၀)အထူးအစည်းအဝေးနှင့် ယခုအစည်းအဝေး ကြားကာလအတွင်း INGO အဖွဲ့အစည်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲ (၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ COVID-19 ထိန်းချုပ်ရေးကာလဖြစ်တာနှင့်အညီ ဥပဒေ(ကြမ်း) အကျဉ်းချုပ် မှတ်တမ်းရေးသားခြင်း Briefing Memo အလုပ်ရုံဆွေးနွေးပွဲကို NDI မှလည်းကောင်း၊ ကော်မတီရေးရာကျွမ်းကျင်မှုသင်တန်းကို UNDP မှလည်းကောင်း Online စနစ်ဖြင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို သက်မှတ်ရက်အတွင်း အောင်မြင်စွာဆောင်ရွက်ပေး တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျန်ရှိသောလွှတ်တော်ရဲ့ သက်တမ်းကာလ အတွင်း ဆက်လက်ဆောင်ရွက်ရမည့် လွှတ်တော်ပြင်ပလုပ်ငန်းတာဝန်များကို မိမိတို့ဒေသအသီးသီး ပြန်လည်ရောက်ရှိတဲ့အခါ သမိုင်း ပေးတာဝန်အဖြစ် ဆက်လက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။ ကြိုတင်မှန်းဆ၍မရနိုင်သည့် COVID -19 ၏ စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များ၊ လမ်းညွှန်ချက်များ၊ နှိုးဆော်ချက်များနှင့် သိကောင်းစရာများကို ပြည်သူတစ်ရပ်လုံးက သိရှိလိုက်နာစေပြီး ကမ္ဘာ့ကပ်ရောဂါဆိုးကြီးအန္တရာယ်မှ အမြန်ဆုံး ကင်းဝေးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

“ လွှတ်တော်များခိုင်မာပြီး အရည်အသွေးမြင့်လေ ဒီမိုကရေစီ ဖော်ဆောင်မှုအားကောင်းလေ ”

*"Better Parliaments Stronger Democracies"*

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတက်ရောက်



(၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ဇွန်လ (၂၆)ရက်၊ နံနက်(၁၀:၀၀)နာရီတွင် တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းခွဲ နာယကကြီး ဝဏ္ဏကျော်ထင် စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/ KBZ Group)၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ တက်ရောက်ခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ ကုန်တင်ကုန်ချလုပ်သားများနှင့် အနေးယာဉ် အလုပ်သမားများ၊ လက်တွန်းလှည်းလုပ်သားများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတက်ရောက်




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၃.၇.၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ပြည်သူ လူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက – KBZ Bank/ KBZ Group)၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ကုန်တင်ကုန်ချလုပ်သားများနှင့် အနေးယာဉ် အလုပ်သမားများ၊ လက်တွန်းလှည်းလုပ်သားများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အိမ်ထောင်စုများအတွက် ငွေကျပ် (၁)သောင်းစီ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ပါသည်။






# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတက်ရောက်





(၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် လွှမ်းသူပန်းခွေချခြင်းနှင့် အလေးပြုခြင်း အခမ်းအနားကို ဇူလိုင်လ (၁၉)ရက်၊ နံနက်(၀၈:၀၀)နာရီတွင် တောင်ကြီးမြို့၊ ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ကျင်းပခဲ့ပြီး၊ နံနက်(၁၀:၃၀)နာရီတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ တက်ရောက်ခဲ့ပါသည်။



# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အတူ ကျိုင်းတုံမြို့နယ်၊ နောင်ကန်ကျေးရွာရှိ အနာကြီးရောဂါကုသရေးဌာန ဖွင့်လှစ်ထားသည့် စိန့်ပီတာဘုရားကျောင်းသို့ ထောက်ပံ့လှူဒါန်း



ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်၊ နောင်ကန်ကျေးရွာရှိ အနာကြီးရောဂါကုသရေးဌာန ဖွင့်လှစ်ထားသည့် စိန့်ပီတာဘုရားကျောင်းသို့ သွားရောက်ထောက်ပံ့လှူဒါန်းသည့် အခမ်းအနားကို (၈.၈.၂၀၂၀)ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် (၂၀၁၉ - ၂၀၂၀)ခု ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်း၏သမီးအား ဆုချီးမြှင့်ခြင်း အခမ်းအနား



(၁၇.၈.၂၀၂၀)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ ၂၀၁၉ - ၂၀၂၀ခု ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်ဖြေဆိုအောင်မြင်ခဲ့သည့် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်း၏သမီးအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့မှ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပဆောင်ရွက်ခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတက်ရောက်




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင်လ (၁၃)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ တက်ရောက်ခဲ့ပါသည်။



# ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် အပြီးသတ်ဆွေးနွေးခြင်း အစည်းအဝေးကျင်းပ



၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် အပြီးသတ်ဆွေးနွေးခြင်းအစည်းအဝေးကို ဇွန်လ (၂၄)ရက်နေ့ မွန်းလွဲ(၁၄:၀၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရေးရာ ကော်မတီအခန်း(၁)၌ ကျင်းပပါသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး၊ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ စိစစ်လျှော့ချပြီးသည့် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ရှင်းလင်းကာ တက်ရောက်လာသည့် ကော်မတီဝင်များက ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ဥပဒေ(မူကြမ်း)အပေါ် သုံးသပ်အကြံပြုနိုင်ရန် ဆွေးနွေးကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ(၁၆:၄၅)နာရီတွင် ရပ်နားခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ တက်ရောက်ခဲ့ကြပါသည်။

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း နယ်မြေဒေသ ကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ကျေးရွာများအား စီမံကိန်းတာဝန်နှင့် ရန်ပုံငွေများလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် ရန်ပုံငွေလွှဲပြောင်းပေးအပ်စဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက နိုင်ငံတော်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆားများ ထောက်ပံ့ပေးစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆားများ ထောက်ပံ့ပေးစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက (covid-19) ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးတွင် အသုံးပြုသည့် ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပင်းတယမြို့နယ် ယာယီပျံကျဈေးတွင် ဈေးရောင်း၊ ဈေးဝယ် မိဘပြည်သူများအား Mask များ ဝေငှပေးအပ်စဉ်

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင် နယ်မြေဒေသ ကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ




(၂၈.၇.၂၀၂၀)ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်သည် ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ နောင်ခမ်းသင်တန်းရိပ်သာတွင် ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ COVID – 19 စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဖွင့်လှစ်သော လူသုံးကုန်နှင့် စားသောက်ကုန်လက်တွေ့လုပ်ငန်းခွင် သင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား /သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။ အဆိုပါသင်တန်းသို့ တောင်ကြီးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ကျေးသီးမြို့နယ်တို့မှ သင်တန်းသား/သူ စုစုပေါင်း (၇၄)ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ဆပ်ပြာရည်/ခဲပြုလုပ်နည်း၊ ရေမလိုလက်သန့်ဆေးရည်ပြုလုပ်နည်း၊ ဖျော်ရည်ပြုလုပ်နည်းများ၊ ယိုထိုးနည်းများ၊ အခြားသောလူသုံးကုန်နှင့် စားသောက်ကုန်ပြုလုပ်နည်းများကို သင်ကြားပေးခဲ့ပါသည်။

(၂.၈.၂၀၂၀)ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဟိုပုံးမြို့နယ်၊ ဖက်ရမ်းကြီးကျေးရွာအုပ်စု မိုင်ကောင် – ဝမ်စိမ်း – ပါနိမ့်ကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကတ္တရာလမ်း(၁/၂.၅)မိုင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။




# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း နယ်မြေဒေသကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာတိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှုအား ကွင်းဆင်းဆောင်ရွက်စဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာတိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှုအား ကွင်းဆင်းဆောင်ရွက်စဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ တွင် Covid – 19 ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ တွင် Covid – 19 ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ်မှ ခရိုင်အဆင့်တိုးချဲ့ပါက ဌာနဆိုင်ရာရုံး အဆောက်အဦ မြေနေရာရရှိရန် ကွင်းဆင်းဆောင်ရွက်စဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ်မှ ခရိုင်အဆင့်တိုးချဲ့ပါက ဌာနဆိုင်ရာရုံး အဆောက်အဦ မြေနေရာရရှိရန် ကွင်းဆင်းဆောင်ရွက်စဉ်

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် နယ်မြေဒေသကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့နယ် မန်တုံပါးကျေးရွာတွင်းနှင့် စျေးလမ်းအား ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့နယ် မန်တုံပါးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မဲစာရင်းကပ်ထားမှု အခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုကျမှုများဖြစ်ပေါ်နေမှု အခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုကျမှုများဖြစ်ပေါ်နေမှု အခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်




ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့နယ်၊ ရှွေယင်စီးကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအား ထောက်ပံ့ငွေပေးအပ်စဉ်




ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က လောက်ကိုင်မြို့နယ်၊ ရှွေယင်စီးကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက နမ့်ဆန်မြို့နယ် မြိုင်ကျေးရွာလူထုနှင့် တွေ့ဆုံပြီး ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ၊ ပြည်နယ်အစိုးရ Budgetဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားရရှိရေး ဆွေးနွေးစဉ်



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက နမ့်ဆန်မြို့နယ် နမ့်လင်း-ခေးခင်-မန်ဝဲ-အောက်ပန်တောင်း ကျောက်ချော လမ်းခင်းနေမှုအားကွင်းဆင်းဆောင်ရွက်စဉ်




ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဒေါက်တာဝဏ္ဏစိုးက ကျေးရွာမတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲတွင် ကျေးရွာရန်ပုံငွေ လွှဲပြောင်းပေးအပ်စဉ်




ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဒေါက်တာဝဏ္ဏစိုးက ဝက်ရောဂါများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်




ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က ကွတ်ခိုင်မြို့ရှိ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းဆရာ/ဆရာမများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်




ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က တာမိုးညဲဒေသ၊ မုံစီနယ်မြေရှိ တိုင်းရင်းသားများ အိမ်ထောင်စုစာရင်း ပြုလုပ်ရန်အတွက် ထောက်ပံ့ငွေပေးအပ်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ




မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်းပသည့် မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားတွင် အမှတ်တရလက်ဆောင်ပေးအပ်စဉ်



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်းပသည့် မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနား တက်ရောက်စဉ်



မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းလှိုင်ခမ်းက မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် အလှူငွေနှင့် သုတရတစာအုပ်၊ စာစောင်များလှူဒါန်းစဉ်




နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးလင်းအောင်ဆွေက ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကျပ်(၁၀၀)သန်း အောက် တန်ဖိုးရှိ လမ်း/တံတားလုပ်ငန်းသုံးပစ္စည်းများ တင်ဒါရွေးချယ်ပွဲ အခမ်းအနားတက်ရောက်စဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်က ကလောမြို့နယ်၊ ကျောက်ထပ်ကျေးရွာအုပ်စုတွင်း နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်က ကလောမြို့နယ်၊ ပဲရင်းတောင်အုပ်စုရှိ ကျေးရွာများ လျှပ်စစ်မီးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းဆောင်ရွက်စဉ်

ထုတ်ဝေသူ - ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ(၃၂၀)